# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ဂုဏ်သတင်းပျံ့နှံ့လိုင်ကြ၍

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြ၍၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက် | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ် (၀၆၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ် စ ရာ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံ**

ပြည်တွင်းသတင်း | စာ ၄

**ရာဂီမုန်တိုင်းသက်ရောက်မှုကြောင့် ဖြစ်ပေါ်ခဲ့သော ထိခိုက်ပျက်စီးဆုံးရှုံးမှုများအပေါ် တုံ့ပြန်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ပြည်သူသို့ အသိပေးသတင်းထုတ်ပြန်ခြင်း**

သတင်းထုတ်ပြန်ချက် | စာ ၇

**အဂတိပယ်ခွာ ပြည်သာယာ**

ဆောင်းပါး | စာ ၉

**၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်**

ပြည်တွင်းသတင်း | စာ ၁၂




# ကန့်ဘလူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ဧက ၁၈၈၀၀၀ ကျော်စိုက်ပျိုးပြီးစီး

**ကန့်ဘလူ ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ စုစုပေါင်းဧက ၁၈၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်အတွင်း ဆောင်းသီးနှံစုံ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်းနှင့်မုန်ညင်း စသည့် သီးနှံစုံ ၂၀၂၂၁၇ ဧကကို ယခုနှစ် စက်တင်ဘာလကစတင်စိုက်ပျိုးခဲ့ရာတွင် မြေပဲ ၈၇၈၀၃ ဧက၊ နှမ်း ၉၅၇၁၅ ဧက၊ နေကြာ ၁၉၂၇ ဧက၊ ပန်းနှမ်း ၂၀၃၃ ဧကနှင့်မုန်ညင်း ၅၃၂ ဧက စုစုပေါင်း ဧက ၁၈၈၀၁၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံစုံ နှစ်သိန်းနှစ်ထောင်ကျော်စိုက်ပျိုးဖို့ လျာထားခဲ့ပြီး နိုဝင်ဘာ ၃၀ ရက်နေ့အထိ တစ်သိန်းရှစ်သောင်းကျော် စိုက်ပျိုးပြီးစီးနေပါပြီ။ မြို့နယ်အတွင်း စားသုံးဆီဖူလုံစေဖို့ စိုက်ပျိုးရေးဦးစီးဌာနက ဘဏ္ဍာနှစ်အလိုက် ဆီထွက်သီးနှံအမျိုးအစားအလိုက် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးရေးနည်းပညာတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာတွေကို ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ဆီထွက်သီးနှံတွေ စိုက်ပျိုးနေခြင်းဟာ မြို့နယ်အတွင်းသာမက ပြည်တွင်းရှိစားသုံးသူတွေ ဆီဖူလုံမှုရှိစေရေးအတွက် စိုက်ပျိုးခြင်းဖြစ်ပါတယ် ” ဟု ကန့်ဘလူ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

## ထူးခြားသည့် ညအပူချိန်များ ၇-၁၂-၂၀၂၄

| | | | | | |
|---|---|---|---|---|---|
| ဟားခါးမြို့ | ၁ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် | မြစ်ကြီးနားမြို့ | ၇ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင်မြို့ | ၆ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် | ဟဲဟိုးမြို့ | ၁၀ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန်မြို့ (ရှမ်းပြည်နယ်တောင်ပိုင်း) | ၆ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် | မိုင်းယန်းမြို့ | ၁၁ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| | | | ပူတာအိုမြို့ | ၁၂ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင်မြို့ | ၇ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် | | | |

မိုး/ဇလ

## (၇.၁၂.၂၀၂၄)ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၅၂ နှင့် အထက်ရှိသော စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅,၃၃၀,၀၀၀ ကျပ် ဖြစ်သည်။

(ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ)

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရန်ကုန်မြို့ရှိ ဝန်ကြီးဌာန၏ ရုံးအဆောက်အအုံများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၇**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ်းနားလမ်းနှင့် လသာလမ်းထောင့်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) အဆောက်အအုံ အကြီးစားပြုပြင်နေမှုနှင့် ဗိုလ်အောင်ကျော်လမ်းရှိ စီမံကိန်းရေးဆွဲရေးအဆောက်အဦတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ဂရုပြုဆောင်ရွက်**

ဆောက်လုပ်ရေး ဝန်ကြီးဌာနက တာဝန်ယူကြီးကြပ်ဆောင်ရွက်နေသည့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) လသာလမ်းအဆောက်အအုံတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အဆောက်အအုံဦးစီးဌာနမှ တာဝန်ရှိသူများက အကြီးစားပြုပြင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံ အကြီးစားပြင်ဆင်မှုအား စံချိန်စံညွှန်းမီစွာဖြင့် သတ်မှတ်ချိန်အတိုင်း ပြီးစီးအောင် ဆောင်ရွက်ရန်၊ မူလပုံစံမပျက်စေဘဲ စနစ်တကျ ပြုပြင်ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းစေရေး ဂရုပြုဆောင်ရွက်ရန် တို့ကိုမှာကြားသည်။

ဆက်လက်၍ ဗိုလ်အောင်ကျော်လမ်းရှိ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန အဆောက်အအုံသို့ ရောက်ရှိပြီး ဆောင်ရွက်ရမည့် ကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ရန်၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ကြရန် မှာကြားသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းတွင် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန(ရန်ကုန်ရုံးခွဲ) သို့ ရောက်ရှိပြီး မော်ကွန်းပြခန်း၊ သုတေသီ ဝန်ဆောင်မှုအခန်း၊ မော်ကွန်း/မှတ်တမ်းအခန်းများ၊ Digitization အခန်း၊ Micro Film ရိုက်ကူးခန်း၊ မော်ကွန်းပြုပြင်ထိန်းသိမ်းခန်းနှင့် ရုံးအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ရုံးခွဲမှ ဝန်ထမ်းများ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဦးစီးဌာနများမှ တိုင်းတာဝန်ခံများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားပြီး ဌာနများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျိုင်းတုံမြို့၌ ဒီဇင်ဘာ အားကစားလ၊ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၏ ဒီဇင်ဘာအားကစားလ၊ လူထု အားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ ကျောက်တိုင်အဝိုင်း၌ ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။




ဦးစွာ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ စုစုပေါင်းအင်အား ၁၂၅၂ ဦးခန့်သည် ကျိုင်းတုံမြို့ ကျောက်တိုင်အဝိုင်းမှ ကျိုင်းတုံ-တောင်ကြီးလမ်းအတိုင်း နောင်တုံကန်ပတ်၍ မဟာမြတ်မုနိဘုရားအဝိုင်းမှ ကျိုင်းတုံမြို့နယ် အားကစားကွင်းသို့စုပေါင်းလမ်းလျှောက်ကြသည်။

ထို့နောက် ကျိုင်းတုံမြို့နယ် အားကစားကွင်းတွင် စုပေါင်းကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ကြပြီး စုပေါင်းလမ်းလျှောက်ပွဲအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ဒီဇင်ဘာလ(ပထမပတ်) လူထုအားကစား စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၇ ရက်က အင်းစိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းဇော်နှင့်အဖွဲ့ဝင်များ၊ ခရိုင်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အင်းစိန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း/ အဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ တပျော်တပါး စုပေါင်းပါဝင်ဆင်နွှဲစဉ်။ ဉာဏ်လင်း

❒ *ရှေ့ဖုံးမှ*

မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးပြီး အထွက်နှုန်းကောင်းမွန်ရေး၊ စီးပွားရေတွက်ခြေကိုက်သည့်သီးနှံများရွေးချယ်စိုက်ပျိုးခြင်းများနှင့် စိုက်ပျိုးရေးနည်းပညာများကိုမူ စိုက်ပျိုးရေးပညာများနှင့် ဆွေးနွေးတိုင်ပင်ကာ ရာသီအလိုက် သီးနှံများကို တိုးချဲ့စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းများကို ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိရာ တည်ဆဲနိုင်ငံရေးပါတီ ၅၃ ပါတီရှိပြီး တည်ထောင်ခွင့်စိစစ်ဆဲပါတီ အနေဖြင့်တစ်ပါတီရှိကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပါ ပြဋ္ဌာန်းချက်ဖြစ်သည့် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက် မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်နေ့ရက်အတွင်း ပါတီဝင်အင်အားပြည့်မီရေးနှင့် ပါတီရုံးခန်းများ သတ်မှတ်ချက်နှင့်အညီ ဖွင့်လှစ်နိုင်ရေးတို့ကို သတ်မှတ်ကာလအတွင်း သတ်မှတ်အရေအတွက် ပြည့်မီရေး ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

**တတ်နိုင်သမျှ စည်းရုံးဆောင်ရွက်**

ပါတီရုံးခန်းဖွင့်လှစ်ခြင်း၊ ပါတီဆိုင်းဘုတ်တင်ခြင်း၊ ပါတီအလံလွှင့်ထူခြင်းတို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်ပိုင် အဆောက်အအုံ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများမှလွဲပြီး အခြား အဆောက်အအုံများတွင် သက်ဆိုင်ရာ ဒေသန္တရအဖွဲ့အစည်းများ၏ စည်းကမ်းများနှင့်အညီ ရုံးခန်းဖွင့်လှစ်ရန်နှင့် ပါတီရုံးခန်းဖွင့်လှစ်ခြင်း၊ ဆိုင်းဘုတ်တင်ခြင်းမပြုလုပ်မီ သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများသို့ အသိပေးရန် ဖြေလျှော့ဆောင်ရွက်ပေးခဲ့ကြောင်း၊ပါတီတွင်းနှင့် ပါတီပြင်ပ စည်းရုံးရေးဆောင်ရွက်မှုကို မှတ်ပုံတင်ခွင့်ရရှိပြီးသည့် နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူလူထုအကျိုး၊ ဒေသအကျိုးများကို တတ်နိုင်သမျှ စည်းရုံးဆောင်ရွက်ကြစေလိုကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းပြည်ပ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးအဖွဲ့များ စောင့်ကြည့်လေ့လာခွင့်နှင့် စပ်လျဉ်း၍ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် စောင့်ကြည့်ခွင့်မပြုဘဲ လေ့လာခွင့်သာပြုခဲ့ခြင်းနှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာခွင့်ပြုခဲ့သည့် အချက် ၁၃ ချက်အနက် လေ့လာခွင့်မပြုခဲ့သည့် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များ စောင့်ကြည့်လေ့လာခြင်း၊ မဲလက်မှတ်များ ရိုက်နှိပ်ခြင်းတို့ကို စောင့်ကြည့်လေ့လာခြင်း၊ ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုများ စစ်ဆေးခြင်းနှင့် ဆုံးဖြတ်ခြင်း စသည့် အချက်များကို ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတိုင်း ပြန်လည် ထည့်သွင်းပြီး စောင့်ကြည့်လေ့လာခွင့်စံနှုန်းနှင့်အညီ ခွင့်ပြုသွားမည်ဖြစ်ကြောင်း။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို မြန်မာ၊ အင်္ဂလိပ်၊ တရုတ်၊ ရုရှား၊ ဂျပန် ဘာသာစကား ၅ မျိုးဖြင့်ဖတ်ရှုနိုင်သည့် Website ကို နိုဝင်ဘာ ၂၂ ရက်တွင် လွှင့်တင်ထားပြီးဖြစ်ကြောင်း၊ အဆိုပါ Website တွင် Mobile Application ကိုလည်း Download ရယူနိုင်ကြောင်း၊ Soft Copy များကို နိုင်ငံရေးပါတီများသို့လည်း ဖြန့်ဝေထားကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် သိက္ခာရှိသည့်ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်တစ်ရပ်ကို ဖော်ဆောင်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သိက္ခာရှိသော လွှတ်တော်ဖြစ်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များသည် အရည်အချင်းရှိသော ကိုယ်စားလှယ်များဖြစ်ရန်လိုကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် လွှတ်တော် ကိုယ်စားလှယ်လောင်းများအား ကြိုတင်ရွေးချယ်လေ့ကျင့်ပေးရန်လိုကြောင်းနှင့် ရွေးကောက်ပွဲကော်မရှင်နှင့်အတူ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**ပြန်လည်ရှင်းလင်းဆွေးနွေး**

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၅၃ ပါတီမှဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးသန့်စင် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်ရှိ အမှတ်(၅)ဓာတ်မြေဩဇာစက်ရုံ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၇**

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်သည် ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်နှင့်အတူ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းပိုင် အမှတ် (၅) ဓာတ်မြေဩဇာစက်ရုံကို ကြည့်ရှုစစ်ဆေးသည်။



**အလေးထားဆောင်ရွက်**

ဦးစွာ ဒုတိယဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးတို့သည် စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး စက်ပစ္စည်းများ အသစ်လဲလှယ်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ရန်နှင့် ပစ္စည်းအဟောင်းများကို စနစ်တကျစာရင်းပြုစုထားသိုရန် လိုအပ်ကြောင်း၊ စက်ရုံဝန်ထမ်းများအနေဖြင့် စက်ပြုပြင်မှုဆောင်ရွက်နေသည့် ကုမ္ပဏီနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် နည်းပညာပိုင်း လေ့လာသင်ယူရန်လိုကြောင်း၊ စက်ရုံရှိဌာနပိုင်ပစ္စည်းများ ပျက်စီး/ ပျောက်ဆုံး/ အလွဲသုံးစားမှုမရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်ရန် ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး စဉ်ဆက်မပြတ် စီမံဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ စက်ရုံလုံခြုံရေးနှင့် မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ကြရန် လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် တတ်နိုင်သလောက် ပိုမိုဆောင်ရွက်ပေးကြစေလိုကြောင်း မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးတို့သည် ဝန်ထမ်းများ၏ တင်ပြမှုများအပေါ် လိုအပ်သော ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးကာ အင်အားဖြည့်အစားအစာများပေးအပ်ပြီး စက်ပြုပြင်နေမှု အခြေအနေများနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်လမြိုင်ကျွန်း၌ လူဦးရေစာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆)နှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ဒီဇင်ဘာ ၇ ရက် နံနက် ၁၁ နာရီက မော်လမြိုင်ကျွန်းမြို့နယ် တံခွန်တိုင်ကျုံဝါးကျေးရွာ၊ စစ်စလီတိုးကျေးရွာ၊ မရမ်းကျေးရွာများရှိ အုပ်ချုပ်ရေးမှူးရုံးများတွင် ကွင်းဆင်းဆောင်ရွက်ပေးကြသည်။ အဆိုပါပန်းခင်းစီမံချက်(၃) ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မော်လမြိုင်ကျွန်းမြို့နယ်ရုံး ဦးစီးအရာရှိ ဦးစောဝဏ္ဏ ကြီးကြပ်မှုဖြင့် တိုက်နယ်မှူးနှင့် ဝန်ထမ်းများက မြေပြင်အရောက်ကွင်းဆင်း၍ အိမ်ထောင်စုလူဦးရေစာရင်းမရှိသေးသူများ၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသူများကို ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ နိုင်ငံသားစိစစ်ကတ်နံပါတ်များ ဖြည့်သွင်းခြင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆) စစ်ဆေးခြင်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ နေ့ချင်းအပြီး (အခမဲ့)ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# တည်ထောင်ပြီးစက်မှုဇုန်များ အရွယ်အစား၊ အမျိုးအစား၊ အဆင့်အတန်း တစ်ပြေးညီသတ်မှတ်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၇**

တည်ထောင်ပြီးစက်မှုဇုန်များ အရွယ်အစား၊ အမျိုးအစား၊ အဆင့်အတန်း တစ်ပြေးညီသတ်မှတ်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌများနှင့် တွေ့ဆုံခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဆေးဝါးစက်ရုံ(အင်းစိန်)ရှိ ဆေးဝါးသမိုင်းပြခန်း၌ ကျင်းပသည်။



ဦးစွာပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ၂၀၂၄ ခုနှစ် မေ ၂၉ ရက်တွင်ပြုလုပ်သည့် ဗဟိုကော်မတီ (၁/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်အရ "ဒေသဆိုင်ရာစက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီများ" ကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေတို့တွင် တည်ထောင်ပြီးစက်မှုဇုန်များ၏ အရွယ်အစား၊ အမျိုးအစားနှင့် အဆင့်အတန်းခွဲခြားသတ်မှတ်ပြီး စက်မှုဇုန်အဖြစ် ပြန်လည်ကြေညာရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားကြောင်း၊ ထို့သို့ တည်ထောင်ပြီးစက်မှုဇုန်များအား စက်မှုဇုန်အသစ်အဖြစ် ပြန်လည်ကြေညာနိုင်ရန်အတွက် စက်မှုဇုန်များ၏ မြေပြင်ပကတိအခြေအနေကို မဖြစ်မနေစိစစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် ဗဟိုကော်မတီ (၁/၂၀၂၄) အစည်းအဝေးတွင် "စက်မှုဇုန်များ၏ မြေပြင်အခြေအနေကိုသိရှိနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ တည်ထောင်ပြီး စက်မှုဇုန်များကို အပြန်အလှန်စစ်ဆေးရန် (Cross-Check)" ဆုံးဖြတ်ခဲ့ကြောင်း။

ထို့ကြောင့် တည်ထောင်ပြီးစက်မှုဇုန်များ၏ မြေပြင်ပကတိအခြေအနေများကို သိရှိစေရန်၊ စက်မှုဇုန်များ၏ အရွယ်အစား၊ အမျိုးအစား၊ အဆင့်အတန်းကို တစ်ပြေးညီသတ်မှတ်နိုင်ရေးတို့အတွက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ တည်ထောင်ပြီး စက်မှုဇုန်များကို တိုင်းဒေသကြီး/ပြည်နယ်အချင်းချင်း အပြန်အလှန်စစ်ဆေးခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ စစ်ဆေးနိုင်ရေးအတွက် စစ်ဆေးရမည့်အချက်အလက်များ (Check Lists) ကိုပြုစု၍ ဖြန့်ဝေပေးပြီးဖြစ်ကြောင်း၊ စက်မှုဇုန်များအား အပြန်အလှန်စစ်ဆေးခြင်းလုပ်ငန်းစဉ်များကို နိုဝင်ဘာ ၁၅ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ အချိန်တစ်လ သတ်မှတ်ပေးပြီး စစ်ဆေးစေခဲ့ကြောင်း၊ သက်ဆိုင်ရာ စက်မှုဇုန်များမှ စီမံခန့်ခွဲသူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် စက်မှုဇုန်များ၊ စက်မှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။ (ဝဲပုံ)

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်၊ စီးပွားရေးရာဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များအခြေအနေများကိုလည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တည်ထောင်ပြီးစက်မှုဇုန်များ အပြန်အလှန်စစ်ဆေးနိုင်ရေးအတွက် စစ်ဆေးရမည့်အချက်အလက်များ(Check lists) ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများက စက်မှုဇုန်များ၏ အရွယ်အစား၊ အမျိုးအစားနှင့် အဆင့်အတန်းခွဲခြားသတ်မှတ်နိုင်ရေးအတွက် အပြန်အလှန်စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ကြုံတွေ့ရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဆွေးနွေး၍ ပေါင်းစပ်ဖြေရှင်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်ဒဂုံမြို့နယ်ရှိ အမှတ် (၂၄) အကြီးစားစက်ရုံ (ဒဂုံ)သို့ရောက်ရှိပြီး Golden Theraprage Co., Ltd. ၏ ဂျင်းဘောင်းဘီအမျိုးမျိုးချုပ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို အားပေးကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## Belt and Road တရုတ်-မြန်မာ မီဒီယာပူးပေါင်းရိုက်ကူးမှုအစီအစဉ်များ မိတ်ဆက်ခြင်းနှင့် China Walk အစီအစဉ် ပြသခြင်းအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၇**

China Media Group(CMG)နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)တို့ ပူးပေါင်းကျင်းပသည့် Belt and Road တရုတ်-မြန်မာ နှစ်နိုင်ငံမီဒီယာ ပူးပေါင်းရိုက်ကူးမှု အစီအစဉ်များ မိတ်ဆက်ခြင်း အခမ်းအနားနှင့် တရုတ်သို့ခြေဆန့်ခြင်း (China Walk) အစီအစဉ် စတင်ထုတ်လွှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အလုံမြို့နယ် မင်းရဲကျော်စွာလမ်းရှိ တရုတ်ယဉ်ကျေးမှုစင်တာ၌ ကျင်းပသည်။

ဦးစွာ Belt and Road တရုတ်-မြန်မာမီဒီယာ ပူးပေါင်းရိုက်ကူးမှု အစီအစဉ်များ မိတ်ဆက်ခြင်းနှင့် China Walk အစီအစဉ်ကို မိတ်ဆက်ပြသသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် မြန်မာနှင့် တရုတ် နှစ်နိုင်ငံဆက်ဆံရေးသည် နှစ်ကာလများစွာ ကြာရှည်ခဲ့ပြီး ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုအစဉ်အလာကောင်းများရှိခဲ့ကြောင်း၊ အလားတူ မိမိတို့ ပြန်ကြားရေး ဝန်ကြီးဌာနသည်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ မီဒီယာများဖြစ်သည့် CMG, CCTV, CRI, ကွမ်ရှီးတီဗွီ, YMG, ဆင်ဟွာ စသည့် သတင်းဌာနများနှင့် ရုပ်သံဇာတ်လမ်းတွဲများ အပြန်အလှန်ထုတ်လွှင့်ပြသခြင်း အစီအစဉ်များ ပူးပေါင်းရိုက်ကူးခြင်း၊ သတင်းအချက်အလက်ဖလှယ်ခြင်း စသည်တို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ နှစ်နိုင်ငံအကြား ရုပ်မြင်သံကြားနှင့် ရေဒီယိုအစီအစဉ်များ ရိုက်ကူးထုတ်လွှင့်ပြသခြင်းကို ပိုမိုဆောင်ရွက်နိုင်ပါက နှစ်နိုင်ငံပြည်သူများအချင်းချင်း နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာစေမည် ဖြစ်ကြောင်း၊ ယခု CMG နှင့် MRTV တို့ ပူးပေါင်းပြီး 'စိမ်းလန်းတဲ့စိုက်ခင်းကမ္ဘာ' စိုက်ပျိုးရေးဆိုင်ရာ မှတ်တမ်းရုပ်ရှင်တွဲအသစ် ရိုက်ကူးရေးကို ယခုပွဲတွင် ဆွေးနွေးကြမည်ဖြစ်၍ ကြိုဆိုပါကြောင်းနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ယာပုံ)**



ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Minister Counsellor ဖြစ်သူ Mr.Zheng Zhihong က နှုတ်ခွန်းဆက်စကားပြောကြားပြီး တရုတ်-မြန်မာမီဒီယာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ China Media Group(CMG)တို့က ရိုက်ကူးရေးအတွေ့အကြုံများကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ 'တရုတ်သို့ခြေဆန့်ခြင်း' (China Walk) အစီအစဉ်အဖြစ် 'အမှတ်တရယူနန်လက်ဖက်ရွာ'၊ 'လှပကောင်းမွန်သော နယ်စပ်ခရီးစဉ်'၊ 'မမေ့နိုင်တဲ့ဟိုင်နန်'၊ 'စိမ်းလန်းတဲ့ စိုက်ခင်းများဆီသို့'၊ 'အိမ်သို့စာတစ်စောင်' စသည့် မှတ်တမ်းဗီဒီယိုများကိုပြသရာ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။**သတင်းစဉ်**

## ဥတ္တရသီရိမြို့နယ်၌ ကျေးလက်လမ်းလုပ်ငန်းများဆောင်ရွက်



**ဥတ္တရသီရိ ဒီဇင်ဘာ ၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု/နေပြည်တော်ကောင်စီငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဥတ္တရသီရိမြို့နယ် အတွင်းရှိ ကျေးလက်လမ်း တည်ဆောက်ခြင်းလုပ်ငန်းခွင်များသို့ ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော် တိုင်းတာဝန်ခံ အင်ဂျင်နီယာချုပ် ဦးထွန်းဝေနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လွင်ဦးတို့က ခရိုင်/မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများနှင့်အတူ လမ်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ဒီဇင်ဘာအားကစားလ(ပထမပတ်)လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၇ ရက်က ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက တပျော်တပါး စုပေါင်းလမ်းလျှောက်စဉ်။ မြို့နယ်(ပြန်/ဆက်)

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလပထမပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ



**မုံရွာ ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ အားကစားလပထမပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက မုံရွာမြို့ အရှေ့ကန်သာယာကန်ရှိ ပြည်ထောင်စုရင်ပြင်၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်/ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူအင်အား ၃၅၀၀ ကျော်တို့သည် မုံရွာမြို့ အရှေ့ဘက်ကန်သာယာ ပြည်ထောင်စုရင်ပြင်ရှိ သတ်မှတ်နေရာများမှ အနောက်ဘက်ကန်သာယာကန်တစ်ပတ်ကန်ပတ်လမ်းတစ်လျှောက် တပျော်တပါး စုပေါင်းလမ်းလျှောက်ကြပြီး (ဝဲပုံ) တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများ၏ ကိုယ်ကာယလေ့ကျင့်ခန်း အမှတ်စဉ် (၁) အမှတ်စဉ် (၂) သရုပ်ပြသမှုနှင့် Physical Flt-ness Dance တေးသီချင်းများဖြင့် သွေးပူလေ့ကျင့်ခန်းကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# စစ်တက္ကသိုလ်၏ (၆၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

စစ်တက္ကသိုလ်၏(၆၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ်ရှိ စစ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ် စိုးမြတ်ထွဋ်၊ စစ်တက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ် သိန်းလွင်၊ စစ်တက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များနှင့် ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဦးစွာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များ ဘွဲ့နှင်းသဘင်ခန်းမသို့ ဝင်ရောက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီး နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင် ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ယူမည့်သူများ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် ကတိခံဝန်မှုပြုခြင်းကို ဆောင်ရွက်ကြသည်။

ယင်းနောက် ပါမောက္ခချုပ်က ဝိဇ္ဇာဘွဲ့ရရှိသူ ၄၇ ဦး၊ ဝါဏိဇ္ဇဘွဲ့ရရှိသူ ရှစ်ဦး၊ စီးပွားရေးပညာဘွဲ့ရရှိသူ ၁၅ ဦး၊ သိပ္ပံဘွဲ့ရရှိသူ ၁၃၂ ဦး၊ ကွန်ပျူတာသိပ္ပံဘွဲ့ရရှိသူ ၅၄ ဦးနှင့် ကွန်ပျူတာနည်းပညာဘွဲ့ရရှိသူ ၅၂ ဦး စုစုပေါင်း ၃၀၈ ဦးတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။ (ယာပုံ)

ဆက်လက်၍ ပါမောက္ခချုပ်က ဘွဲ့ရရှိသူများအား ဘွဲ့များနှင့် လျော်ညီသော အမှတ်လက္ခဏာဖြစ်သည့်ဝတ်စုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း ကြေညာကာ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှပြန်လည်ထွက်ခွာသွားကြသည်။



စစ်တက္ကသိုလ်အနေဖြင့် ပထမအကြိမ် ဘွဲ့နှင်းသဘင်မှ ယခု(၆၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိ ကျောင်းဆင်းအရာရှိပေါင်း ၃၄၃၀၃ ဦးအား အခြေခံဘွဲ့များ ပေးအပ် ချီးမြှင့်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ဒါးဆိပ်လျှပ်စစ်ရေတင်လုပ်ငန်းနှင့် ဝမ်ပုံရေလှောင်တမံများမှ စိုက်ပျိုးရေပေးဝေနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဒီဇင်ဘာ ၄ ရက်က လင်းခေးမြို့ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၌ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက လင်းခေးမြို့နယ်အတွင်း သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်ပျိုးသည့်သီးနှံအလိုက် ဧကတိုးတက်ရေး သီးထပ်စွမ်းအားမြှင့်တင်ရေး၊ မွေးမြူရေးထုတ်ကုန်များ ပိုမိုမွေးမြူထုတ်လုပ်၍ ဈေးသက်သာစွာဖြင့် စားသုံးနိုင်ရေး၊ လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးနိုင်ရေးနှင့် နည်းပညာ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာအနီးရှိ ဒါးဆိပ်လျှပ်စစ်ရေတင်လုပ်ငန်းသို့ ရောက်ရှိပြီး ရေစီမံခန့်ခွဲမှုစနစ် ကောင်းမွန်သည့် ရေသောက်စနစ်ဖြစ်ပေါ်စေရေး၊ ပိုမိုထိရောက်စွာ ရေပေးဝေနိုင်ရေးအတွက် ရေသောက်စနစ်များ ပြုပြင်ဆောင်ရွက်ရေး၊ နည်းလမ်းပေါင်းစုံဖြင့် ရရှိနိုင်သမျှရေအရင်းအမြစ်များ ကွင်းဆင်းရှာဖွေ စူးစမ်းလေ့လာဖော်ထုတ်ရေး၊ တောင်သူများ ရိုးရာစနစ်ဖြင့် တည်ဆောက်ထားသည့် ရေရဟတ်(Water Wheel) များကို လိုအပ်သည့်နည်းပညာ အကူအညီများ ပေးအပ်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် နမ့်စန်မြို့နယ်ရှိ ဝမ်ပုံရေလှောင်တမံသို့ ရောက်ရှိပြီး ဆည်ရေလုံလောက်စွာ ပေးဝေနိုင်ရေး၊ ရေသောက်စိုက်ပျိုး စိစစ်ဧရိယာများ ပြည့်မီရေး၊ သီးထပ်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေးနှင့် ပတ်သက်၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ကိုင်နိုင်ရေးတို့ကို မှာကြားခဲ့ကာ ပင်လုံမြို့ စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး၌ ပဲပုပ်၊ ကြက်သွန်၊ ကော်ဖီမျိုးများ ဒေသခံတောင်သူများထံ ဖြန့်ဝေနိုင်ရေးအတွက် စိုက်ပျိုးထားရှိမှုကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ရှမ်းပြည်နယ်ရှိ တောင်ကြီးပညာရေး ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၇**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းက တောင်ကြီးပညာရေး ဒီဂရီကောလိပ်သို့ ရောက်ရှိကာ ကျောင်းသား ကျောင်းသူများ ကိုယ်ကာယကြံ့ခိုင်ရေး လေ့ကျင့်ခန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

ထိုသို့ကြည့်ရှုစဉ် မိမိတို့ကိုယ်တိုင် ကျန်းမာကြံ့ခိုင်ရုံသာမက ဆရာ ဆရာမများဖြစ်လာကြသောအခါ တပည့်ကျောင်းသားကျောင်းသူများကို အားကစားနှင့် ကာယပညာများ ပြန်လည်သင်ကြားပေးနိုင်ရန်အတွက် ယခုအချိန်ကတည်းက ကြိုးစားလေ့ကျင့် သင်ယူထားကြရန်မှာကြားပြီး ပညာရေးဝန်ကြီးဌာနက ဝယ်ယူဖြည့်တင်းပေးထားသော အားကစားပစ္စည်းများကို ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများအား လွှဲပြောင်းပေးအပ်ကြကာ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရေဘေးကြုံတွေ့ခဲ့ရသည့် ကျောင်းများဖြစ်ကြသည့် ရွှေညောင်မြို့နယ် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)နှင့် ကလောမြို့နယ် မကွေကျေးရွာ အခြေခံပညာမူလတန်းကျောင်းများသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံအားပေးစကား ပြောကြားကာ ရေဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများ ပြန်လည်ပြင်ဆင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုသည်။

ထို့နောက် ကလောမြို့နယ် နန်းပန်တက် အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ယူနေမှုကို ကြည့်ရှုအားပေးကာ အခြေခံပညာအလယ်တန်းပြီးမြောက်အောင်မြင်သူများအနေဖြင့် အထက်တန်းပညာကို ဆက်လက်သင်ယူနိုင်သကဲ့သို့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများသို့ ဆက်လက်သင်ယူခွင့်ရရှိနိုင်သည့် အခွင့်အလမ်းများကို ရပ်ရွာပြည်သူလူထုကျယ်ကျယ်ပြန့်ပြန့်သိရှိရေးအတွက် စည်းရုံးအသိပေးကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရာဂီမုန်တိုင်းသက်ရောက်မှုကြောင့် ဖြစ်ပေါ်ခဲ့သော ထိခိုက်ပျက်စီးဆုံးရှုံးမှုများအပေါ် တုံ့ပြန်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ပြည်သူသို့ အသိပေးသတင်းထုတ်ပြန်ခြင်း

## ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်

မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသည့် အစွန်းရောက်ရာသီဥတုဖြစ်စဉ်များအား ကမ္ဘာ့နိုင်ငံအားလုံးက ရင်ဆိုင်တွေ့ကြုံနေရပြီး မြန်မာနိုင်ငံတွင်လည်း ၂၀၂၃ ခုနှစ်၊ မေလတွင် မိုခါမုန်တိုင်းဘေး၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ရာဂီမုန်တိုင်း၏ အကြွင်းအကျန်တိမ်တိုက်များကြောင့် ရေကြီးရေလျှံဘေးကို ကြုံတွေ့ခဲ့ရပါသည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်းအရှိန်နှင့် ဆက်စပ်ရေကြီးမှုများကြောင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်(၈)ခုတွင် ပျက်စီးဆုံးရှုံးမှုများအား မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့ရာ ဆည်မြောင်းတာတမံ၊ လမ်းတံတား၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ရထားပို့ဆောင်ရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ ရေအားလျှပ်စစ်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ရုံးအဆောက်အဦပျက်စီးမှုများအပါအဝင် အစိုးရကဏ္ဍပျက်စီးဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၂၄၄ ဘီလီယံကျော်၊ လူနေအိမ်ပျက်စီးမှု၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံပျက်စီးမှု၊ လယ်ယာမြေ စိုက်ပျိုးထားရှိမှုနှင့် လယ်ယာသုံးပစ္စည်းများပျက်စီးမှု၊ တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း၊ ငါးလုပ်ငန်းများအပါအဝင် လူမှုရေးကဏ္ဍဆုံးရှုံးမှု ငွေကျပ် ၂၂၁ ဘီလီယံကျော်၊ စုစုပေါင်းငွေကျပ် ၄၆၆ ဘီလီယံကျော် ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုအနေဖြင့် နေပြည်တော်ကောင်စီနှင့် မန္တလေးတိုင်းဒေသကြီးတို့က အများဆုံးဖြစ်ပြီး ရှမ်းပြည်နယ်က ဒုတိယဖြစ်ပါသည်။

၂၀၂၃ ခုနှစ်၊ မေလအတွင်း ဖြစ်ပွားခဲ့သော မိုခါမုန်တိုင်း၏ ပြင်းထန်သည့်အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းများဖြစ်ပေါ်ခဲ့ရာ အစိုးရကဏ္ဍပျက်စီးဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၁၀၀ ဘီလီယံကျော်၊ လူမှုရေးကဏ္ဍဆုံးရှုံးမှု ငွေကျပ် ၄၃၃ ဘီလီယံကျော်၊ စုစုပေါင်းငွေကျပ် ၅၃၄ ဘီလီယံကျော် ဆုံးရှုံးခဲ့ရပါသည်။ မိုခါမုန်တိုင်းသည် ရခိုင်ကမ်းရိုးတန်းသို့ ဦးတည်ဝင်ရောက်ခြင်းဖြစ်၍ ပျက်စီးဆုံးရှုံးမှုများ၏ ၉၈% ခန့်မှာ ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။

| မုန်တိုင်း | တိုင်းဒေသကြီး/ ပြည်နယ် | အစိုးရကဏ္ဍ | လူမှုရေးကဏ္ဍ | စုစုပေါင်းပျက်စီးဆုံးရှုံးမှု တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|
| ရာဂီ | ၈ | ၂၄၄,၄၄၁.၀၄၁ | ၂၂၁,၇၉၀.၇၃၃ | ၄၆၆,၂၃၁.၇၇၄ |
| မိုခါ | ၁၃ | ၁၀၀,၇၆၀.၆၅၈ | ၄၃၃,၃၈၅.၃၇၉ | ၅၃၄,၁၄၆.၀၃၇ |

ရာဂီမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများအား နိုင်ငံတော်မှ ပံ့ပိုးကူညီပေးလျက်ရှိရာ ရေဘေးစတင်ဖြစ်ပွားသည်မှ ၂၀-၁၁-၂၀၂၄ ရက်အထိ ရေဘေးသင့်ပြည်သူများ တိုက်ရိုက်အကျိုးခံစားခွင့်ရရှိစေမည့် အရေးပေါ်စားနပ်ရိက္ခာများ ထောက်ပံ့မှုအတွက် ငွေကျပ် ၅.၂၂၃ ဘီလီယံကျော်၊ သေဆုံးသွားသူများ၏ မိသားစုများအား ထောက်ပံ့မှုအတွက် ငွေကျပ် ၄၄၆.၈၀၀ သန်းကျော်၊ နေအိမ်များပြန်လည်တည်ဆောက်ရန် ငွေကျပ် ၂၀.၅၀၆ ဘီလီယံကျော်၊ နေ့စဉ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် မျိုးစေ့၊ သွင်းအားစု၊ အိမ်မွေးနှင့် လယ်ယာသုံးတိရစ္ဆာန်များ ထောက်ပံ့မှု ငွေကျပ် ၄.၇၃၂ ဘီလီယံကျော်အပါအဝင် စုစုပေါင်းငွေကျပ် ၃၀.၇၇၉ ဘီလီယံကျော်ကို ထောက်ပံ့ထားပြီးဖြစ်ပါသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကဏ္ဍအလိုက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ရေဘေးသင့်ဒေသများရှိ အခြေခံပညာကျောင်း ၁၅၀၀ ကျော်ကို (၁)လအတွင်း ပြန်လည်ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း ဆေးရုံ၊ ဆေးခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ လမ်းပျက်စီးမှု၏ ၇၃.၂၃% ၊ တံတားပျက်စီးမှု၏ ၄၁.၉၂%၊ မြန်မာ့မီးရထားလမ်းပိုင်းအလိုက်ပျက်စီးမှု၏ ၆၇.၃၅% ပြုပြင်ပြီး ဖြစ်ပါသည်။ မိုးစပါးပျက်စီးဧကများအနက် ပြန်လည်စိုက်ပျိုးရန်လျာထားမှု၏ ၇၃.၇၅% ပြန်လည်စိုက်ပျိုးပြီးဖြစ်ပါသည်။ ဆက်သွယ်ရေးကဏ္ဍပြုပြင်ပြီးစီးမှုအနေဖြင့် ဆက်သွယ်မှု၏ ၉၉.၉၉% လွှမ်းခြုံနိုင်ခဲ့ကြောင်းနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်သတ်မှတ်ကာလဖြစ်သည့် ၂၀၂၅ ခုနှစ် မတ်လ ၁၅ ရက်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြီးမြောက်အောင်မြင်စေရေး အရှိန်အဟုန်ဖြင့် ကဏ္ဍ၊ အဖွဲ့အစည်းအလိုက် ဆောင်ရွက်လျက်ရှိသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

နောက်ဆက်တွဲ(က)

### ရာဂီမုန်တိုင်းကြောင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကဏ္ဍအလိုက် ထိခိုက်ပျက်စီးမှုဇယား

| စဉ် | အကြောင်းအရာ | | ထိခိုက်ပျက်စီးမှု – ရာဂီ – အရေအတွက် | ထိခိုက်ပျက်စီးမှု – ရာဂီ – တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|
| ၁ | ဘေးသင့် တိုင်းဒေသကြီး/ပြည်နယ် | | ၈ | |
| ၂ | ဘေးသင့်လူနေအိမ်အဆောက်အဦ | | ၁၀၁၉၁ | ၃၀,၈၅၇.၇၄၀ |
| ၃ | ဘေးသင့်အိမ်ထောင်စု | | ၂၅၉၇၅၀ | |
| ၄ | ဘေးသင့်လူဦးရေ | | ၉၁၅၅၈၆ | |
| ၅ | လူသေဆုံး | | ၄၄၅ | |
| ၆ | ရုံးအဆောက်အဦ | | ၅၂၇၂ | ၁၁,၁၅၀.၇၇၀ |
| ၇ | သယ်ယူပို့ဆောင်ရေးကဏ္ဍ (လမ်း/တံတား) | | ၂၀၂၆ | ၉၈,၈၁၃.၆၃၉ |
| ၈ | အခြေခံအဆောက်အအုံ (ဆည်မြောင်း/တာ/တမံ) | | ၆၆၉ | ၇၆,၄၅၄.၂၄၆ |
| ၉ | ပညာရေးကဏ္ဍ | | ၈၇၅ | ၂၁,၄၇၅.၁၄၃ |
| ၁၀ | ကျန်းမာရေးကဏ္ဍ | | ၂၄၁ | ၁,၄၄၄.၃၀၉ |
| ၁၁ | လျှပ်စစ်ကဏ္ဍ | | ၂၂၄၆၈ | ၂၂,၃၂၄.၆၁၈ |
| ၁၂ | ဘာသာရေးအဆောက်အဦ | | ၃၄၉ | ၈,၂၃၉.၄၁၉ |
| ၁၃ | စက်ပစ္စည်း (ကား/ဆိုင်ကယ်/ငါးဖမ်းကိရိယာ) | | ၁၈၂၅၆.၇၆၀ | ၄၄,၈၁၄.၁၀၂ |
| ၁၄ | လယ်ယာ/သားငါးကဏ္ဍ | ဧက | ၂၆၇၅၀၄.၁၃၀ | ၁၃၈,၉၁၁.၉၂၄ |
| | | တင်း | | |
| | | ကန် | | |
| ၁၅ | တိရစ္ဆာန်သေဆုံး | | ၂၁၇၈၅၉ | ၁၁,၀၇၁.၄၆၂ |
| ၁၆ | အခြား | | ၄၅၈၃ | ၄၂၉.၀၃၂ |
| ၁၇ | နေပြည်တော်ကောင်စီ | | ၅၈ | ၂၄၅.၃၇၀ |
| **စုစုပေါင်း** | | | | **၄၆၆,၂၃၁.၇၇၄** |

မှတ်ချက်။ ကနဦးလုပ်ငန်းကော်မတီမှ (၂၉-၁၁-၂၀၂၄) ရက်နေ့တွင် ပေးပို့သည့် ပျက်စီးဆုံးရှုံးမှု စာရင်းများကို ဖော်ပြထားခြင်းဖြစ်ပါသည်။

နောက်ဆက်တွဲ(ခ)

### မိုခါနှင့် ရာဂီမုန်တိုင်းတို့ကြောင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကဏ္ဍအလိုက် ထိခိုက်ပျက်စီးမှုနှိုင်းယှဉ်ပြဇယား

| စဉ် | အကြောင်းအရာ | | မိုခါ – အရေအတွက် | မိုခါ – တန်ဖိုး (ကျပ်သန်း) | ရာဂီ – အရေအတွက် | ရာဂီ – တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|
| ၁ | ဘေးသင့် တိုင်းဒေသကြီး/ပြည်နယ် | | ၁၃ | | ၈ | |
| ၂ | ဘေးသင့်လူနေအိမ်အဆောက်အဦ | | ၂၇၃၆၅၇ | ၃၆၄၀၁၇.၄၆၅ | ၁၀၁၉၁ | ၃၀,၈၅၇.၇၄၀ |
| ၃ | ဘေးသင့်အိမ်ထောင်စု | | ၆၃၀၃၅၂ | | ၂၅၉၇၅၀ | |
| ၄ | ဘေးသင့်လူဦးရေ | | ၂၈၈၇၇၆၈ | | ၉၁၅၅၈၆ | |
| ၅ | လူသေဆုံး | | ၁၅၆ | | ၄၄၅ | |
| ၆ | ရုံးအဆောက်အဦ | | ၆၆၂ | ၂၀,၇၃၉.၁၉၃ | ၅၂၇၂ | ၁၁,၁၅၀.၇၇၀ |
| ၇ | သယ်ယူပို့ဆောင်ရေးကဏ္ဍ (လမ်း/တံတား) | | ၂၁၃ | ၄,၄၅၆.၀၈၇ | ၂၀၂၆ | ၉၈,၈၁၃.၆၃၉ |
| ၈ | အခြေခံအဆောက်အအုံ (ဆည်မြောင်း/တာ/တမံ) | | ၃၆၅ | ၇,၈၇၅.၅၉၀ | ၆၆၉ | ၇၆,၄၅၄.၂၄၆ |
| ၉ | ပညာရေးကဏ္ဍ | | ၁၈၉၄ | ၃၂,၅၃၀.၈၀၀ | ၈၇၅ | ၂၁,၄၇၅.၁၄၃ |
| ၁၀ | ကျန်းမာရေးကဏ္ဍ | | ၅၇၄ | ၆,၄၀၇.၆၂၈ | ၂၄၁ | ၁,၄၄၄.၃၀၉ |
| ၁၁ | လျှပ်စစ်ကဏ္ဍ | | ၇၈၂၁ | ၃,၆၂၆.၀၀၇ | ၂၂၄၆၈ | ၂၂,၃၂၄.၆၁၈ |
| ၁၂ | ဘာသာရေးအဆောက်အဦ | | ၃၆၃၁ | ၂၅,၁၂၅.၃၅၄ | ၃၄၉ | ၈,၂၃၉.၄၁၉ |
| ၁၃ | စက်ပစ္စည်း (ကား/ဆိုင်ကယ်/ငါးဖမ်းကိရိယာ) | | ၄၅၂၆ | ၁၈,၇၅၆.၉၃၂ | ၁၈၂၅၆.၇၆၀ | ၄၄,၈၁၄.၁၀၂ |
| ၁၄ | လယ်ယာ/သားငါးကဏ္ဍ | ဧက | ၁၂၄၇၁၂.၉၉ | ၁၃,၁၈၆.၁၄၅ | ၂၆၇၅၀၄.၁၃၀ | ၁၃၈,၉၁၁.၉၂၄ |
| | | တင်း | ၅၅၇၂၈.၀၀ | | | |
| | | ကန် | ၃၄.၀၀ | | | |
| ၁၅ | တိရစ္ဆာန်သေဆုံး | | ၁၇၈၀၃၂ | ၁၅,၈၆၆.၄၆၁ | ၂၁၇၈၅၉ | ၁၁,၀၇၁.၄၆၂ |
| ၁၆ | အခြား | | ၁၇၆၀ | ၂၁,၅၅၈.၃၇၆ | ၄၅၈၃ | ၄၂၉.၀၃၂ |
| ၁၇ | နေပြည်တော်ကောင်စီ | | | | ၅၈ | ၂၄၅.၃၇၀ |
| **စုစုပေါင်း** | | | | **၅၃၄,၁၄၆.၀၃၇** | | **၄၆၆,၂၃၁.၇၇၄** |

မှတ်ချက်။ ကနဦးလုပ်ငန်းကော်မတီမှ (၂၉-၁၁-၂၀၂၄) ရက်နေ့တွင် ပေးပို့သည့် ပျက်စီးဆုံးရှုံးမှု စာရင်းများကို ဖော်ပြထားခြင်းဖြစ်ပါသည်။

## နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် ဒီဇင်ဘာ ၇**

ယနေ့ မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ **မိုး/ဇလ**

# မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ဝင်ရောက်ခဲ့သည့်အတွက် အဘက်ဘက်မှ ကူညီပံ့ပိုးပေးသူများအား ကျေးဇူးတင်လွှာ

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှ ၇ ရက်နေ့အထိ ပါရာဂွေးသမ္မတနိုင်ငံ အာဆွန်စီယွန်မြို့တွင် ကျင်းပပြုလုပ်သည့် (၁၉)ကြိမ်မြောက် "Intergovernmental Committee for the Safeguarding of the Intangible Cultural Heritage" အစည်းအဝေးတွင် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ဆုံးဖြတ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံးကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်ရောက်နိုင်ရေးအတွက် အဓိကပါဝင်ကူညီပံ့ပိုးပေးခဲ့သော ဥက္ကဋ္ဌ ဒေါ်စန္ဒာခင် ဦးဆောင်သည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အား လည်းကောင်း၊ အဆိုပြုစာတွဲတင်သွင်းရေးအတွက် သတင်းနှင့်နည်းပညာအချက်အလက်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ပြင်သစ်နိုင်ငံရှိ ယူနက်စကိုဆိုင်ရာ မြန်မာနိုင်ငံကိုယ်စားလှယ်၊ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်ဇေယျနှင့်သံရုံးဝန်ထမ်းများအားလည်းကောင်း၊ ဝိုင်းဝန်းအားဖြည့်ဆောင်ရွက်ပံ့ပိုးပေးခဲ့ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ပုဂံအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့၊ ပုဂံမြို့အာနန္ဒာမြတ်စွာဘုရားကြီး၏ဘဏ္ဍာထိန်းဂေါပကအဖွဲ့၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ ပဲခူးတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ပြင်ဦးလွင်)၊ မြန်မာမြို့ပြနှင့်အခြေခံအဆောက်အအုံလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာ့ရိုးရာပန်းပညာရှင်များ အစည်းအရုံး၊ ဝိသာခါဖောင်ဒေးရှင်း၊ TMW Enterprise Limited၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများ ကွန်ရက်(ရန်ကုန်)၊ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးစောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်းနှင့် လူနာတင်ယာဉ်ကူညီမှုအသင်း (ညောင်ဦးမြို့)၊ ပုဂံညောင်ဦးဧည့်လမ်းညွှန်များအသင်း၊ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းနှင့်အသင်းအဖွဲ့များ၊ စစ်ကိုင်းမြို့နယ်ရှေ့နေများအဖွဲ့၊ နန်းဦးမြို့သစ်လူငယ်များ ဘုံဆွမ်းလောင်းအသင်း(စစ်ကိုင်းမြို့)၊ မွန်မြတ်သောစေတနာပရဟိတအသင်း(စစ်ကိုင်းမြို့)၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့(စစ်ကိုင်းမြို့)၊ စစ်ကိုင်းမြို့မဈေးမှ ဈေးသူဈေးသားများ၊ မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့နယ် စာရေးဆရာအသင်း၊ အောင်ဆန်းလူငယ်နာရေးကူညီမှုနှင့် ပရဟိတလူမှုအကျိုးပြုအဖွဲ့(နတ်မောက်မြို့)၊ မွန်ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့၊ ရခိုင်ပြည်နယ်ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီ၊ သာကီမဏ္ဍိုင်ရခိုင်ယဉ်ကျေးမှုအဖွဲ့(စစ်တွေမြို့)၊ စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသင်္ကြန်ကျင်းပရေးကော်မတီတို့အားလည်းကောင်း၊ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်အတွက်လိုအပ်သည့် သင်္ကြန်မှတ်တမ်းများနှင့် နောက်ခံစကားပြောပံ့ပိုးကူညီဆောင်ရွက်ပေးသော ပြန်ကြားရေးဝန်ကြီးဌာနနှင့် Living Myanmar Media Group အားလည်းကောင်း၊ အဆိုပြုစာတွဲများ တင်သွင်းရာတွင် လိုအပ်သည့်ဘာသာပြန်ဆိုဆောင်ရွက်ပေးခဲ့သော ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ပြင်သစ်ဘာသာဌာနအားလည်းကောင်း၊ ရန်ကုန်တက္ကသိုလ်၊ မနုဿဗေဒပညာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မြန်မာစာဌာန၊ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဖြစ်ရန် အချက်အလက်များ ရှာဖွေစုဆောင်းပြုစု၍ ယူနက်စကိုသို့ အဆိုပြုစာတွဲများ အချိန်မီပေးပို့တင်သွင်းနိုင်ရေးအတွက် အထူးကြိုးစားဆောင်ရွက်ခဲ့ကြသော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများအားလည်းကောင်း၊ အနုပညာဦးစီးဌာနမှ တာဝန်ရှိသူများအားလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ တာဝန်ရှိသူများအား လည်းကောင်း၊ သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ တာဝန်ရှိသူများအား လည်းကောင်း၊ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို စတင်ခဲ့ကြသည့် ပုဂံခေတ်ကာလမှ ယနေ့အထိ လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသည့် မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့အားလည်းကောင်း၊ ဤစာဖြင့်ဖော်ပြရာတွင် မပါဝင်ခဲ့သောအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၊ ကူညီဆောင်ရွက်ပေးသူများအားလုံးတို့ကို လည်းကောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ တတိယဆုရဆောင်းပါး

# အဂတိပယ်ခွာ ပြည်သာယာ

ထွေးထွေးခိုင်

**"ဖြောင့်သော်စားမကုန် ကောက်သော်စားမလောက်" ဟူသော စကားရှိသည်။ ရိုးသားဖြောင့်မတ်ခြင်းဖြင့် ရရှိလာသော ဥစ္စာပစ္စည်းတို့သည် စားမကုန်နိုင်။ လိမ်လည်လှည့်ဖြား ကောက်ကျစ်ခြင်းဖြင့် ရရှိလာသော ဥစ္စာပစ္စည်းတို့သည်ကား စားမလောက်ဟု ဆိုခြင်းဖြစ်သည်။ ရိုးသားဖြောင့်မတ်ခြင်းကြောင့် ရရှိလာသောဥစ္စာပစ္စည်းတို့သည် စားမကုန်နိုင်ဟုဆိုခြင်းမှာ လုံးဝဥဿုံ မှန်ချင်မှ မှန်ပေလိမ့်မည်။ ကောက်ကျစ်စဉ်းလဲခြင်းဖြင့် ရရှိလာသော ဥစ္စာတို့သည်ကား အမျိုးမျိုးသော အကြောင်းတရားတို့ဖြင့် ပျက်စီးဆုံးရှုံးကာ စားမလောက်အောင် ဖြစ်ရသည်မှာ ဓမ္မတာပင်ဖြစ်သည်။ အဖွဲ့အစည်းတစ်ခု၊ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ခြင်းသည် ထိုအဖွဲ့အစည်း၊ ထိုလူမျိုး၊ ထိုနိုင်ငံရှိ လူသားတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရားအပေါ်တွင် များစွာတည်မှီနေသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သာယာဝပြော ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း မြန်မာပြည်သူပြည်သားတစ်ဦးချင်းစီ၏ ခံယူချက်၊ သဘောထားနှင့် ကိုယ်ကျင့်တရားတို့အပေါ်တွင် များစွာမှီတည်နေပေသည်။**

မြန်မာနိုင်ငံသည် ဗုဒ္ဓသာသနာထွန်းကားသော နိုင်ငံဖြစ်သည်။ မြန်မာပြည်သူပြည်သားတို့သည် ဗုဒ္ဓ၏အဆုံးအမ၊ လမ်းညွှန်မှုများအတိုင်း ကျင့်ကြံနေထိုင်ကြသူများဖြစ်သည်။ "ကိုယ်ပြုသည့်ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာမည်" ဟူသော တရားကို အလေးအနက်ယုံကြည်ကြသည်။ ကောင်းမှုပြုသောသူသည် ကောင်းသောကံကိုရ၍ မကောင်းမှုပြုသောသူသည် မကောင်းသော ကံကိုရမည်ဟူသော လောကသဘာဝတရားကို လက်ခံယုံကြည်ကြသည်။ သို့သော်လည်း ပုထုဇဉ်လူသားပီပီ လောဘနှင့် ယှဉ်လာသောအခါ အသိအမှောင်ဖုံးသွားတတ်ကြသည်။ ထိုအခါ ကိုယ်ကျင့်တရားပျက်ယွင်းခြင်း၊ အသိတရား အမှောင်ဖုံးခြင်းတို့ဖြင့် မှားယွင်းသောလမ်းကို မှားမှန်းသိသိဖြင့် လိုက်သွားတတ်ကြသည်။

**အဂတိလိုက်စားခြင်းဆိုသည်မှာ**

ယနေ့ကမ္ဘာပေါ်တွင် နိုင်ငံတိုင်းလိုလို ကြုံတွေ့နေကြရသည့် ပြဿနာတစ်ရပ်ရှိသည်။ ၎င်းမှာ အဂတိလိုက်စားခြင်းပြဿနာပင်ဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထိုပြဿနာသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသောအဟန့်အတားတစ်ခု ဖြစ်နေသည်။ အဂတိလိုက်စားခြင်းဆိုသည်မှာ ဘက်လိုက်ခြင်း၊ လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းကို ဆိုလိုသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ ပုဒ်မ ၃(က)(၁)တွင် အဂတိလိုက်စားမှုကို **"မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ တစ်စုံတစ်ရာကို ပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန်အတွက် တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်အားပေးခြင်း၊ ပေးရန်အားထုတ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ လက်ခံခြင်း၊ ရယူခြင်းနှင့် ရယူရန်အားထုတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်း"** ဟူ၍ အကျယ်တဝင့် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်က အဂတိတရား လေးပါးရှိကြောင်း ဟောကြားတော်မူခဲ့သည်။ **ဆန္ဒာဂတိ-** ချစ်ခင်သောကြောင့်ဖြစ်စေ၊ ဆွေမျိုးတော်စပ်သောကြောင့်ဖြစ်စေ ဘက်လိုက်ကာ မိမိလုပ်သင့်လုပ်ထိုက်သည့် တာဝန်နှင့် ကိုယ်ကျင့်တရားတို့ ပျက်ယွင်းကာ မပြုသင့်သည်ကို ပြုခြင်းဖြစ်သည်။ **ဒေါသာဂတိ-** စိတ်ဆိုးဒေါသထွက်ခြင်း၊ မုန်းတီးခြင်း၊ ရန်ငြိုးထားခြင်း၊ အာဃာတထားခြင်းတို့အပေါ် အခြေခံလျက် မိမိပြုလုပ်ရမည့်အရာတွင် သမာသမတ်ရှိရှိ၊ မှန်မှန်ကန်ကန်ပြုလုပ်ခြင်းမရှိဘဲ ဒေါသအလျောက် ကိုယ်ကျင့်တရားတို့ ပျက်ယွင်းကာ မပြုသင့်၊ မပြုအပ်သည်ကို ပြုခြင်းဖြစ်သည်။ **ဘယာဂတိ-** ကြောက်ရွံ့သဖြင့် မလိုက်သင့်သည့်ဘက်သို့ လိုက်ခြင်း၊ မပြုသင့်သည်ကို ပြုခြင်းဖြစ်သည်။ **မောဟာဂတိ-** ဆင်ခြင်တုံတရားမရှိဘဲ မိုက်မဲတွေဝေသဖြင့် မလိုက်သင့်သည့်ဘက်သို့ လိုက်ခြင်း၊ မပြုသင့်သည်ကို ပြုခြင်းဖြစ်သည်။

ဆန္ဒာ၊ ဒေါသာ၊ ဘယာ၊ မောဟာ မည်သို့သော အကြောင်းတရားတို့ဖြင့် ဘက်လိုက်သည်ဖြစ်စေ ထိုသူသည် လဆုတ်သောအခါ လမင်း၏ အရောင်အဝါသည် တစ်နေ့တခြား လျော့ပါးဆုတ်ယုတ်သကဲ့သို့ စည်းစိမ်ဥစ္စာ၊ အခြံအရံနှင့်တကွ ဂုဏ်သိမ်တန်ခိုး ကျော်စောခြင်းတို့သည်လည်း တစ်နေ့တခြား လျော့ပါးဆုတ်ယုတ်တတ်သဖြင့် အဂတိတရားလေးပါးကို ရှောင်ရှားသင့်ကြောင်း မြတ်စွာဘုရားရှင်က ဟောကြားတော်မူခဲ့သည်။

အဂတိတရားလိုက်စားခြင်းသည် အကျင့်စာရိတ္တပျက်ပြားခြင်းပင်ဖြစ်သည်။ လောကပါလတရားနှစ်ပါးဖြစ်သည့် ဟီရိနှင့် ဩတ္တပ္ပတရား ကင်းကွာခြင်းပင်ဖြစ်သည်။ ထိုတရားနှစ်ပါး ကင်းကွာသည်နှင့်အမျှ ပျက်စီးခြင်းသို့ ဆိုက်ရောက်ရတော့သည်။ ရပ်ရွာ၊ လူ့အဖွဲ့အစည်းမှစ၍ နိုင်ငံတော်အဆင့်ထိ ပျက်စီးခြင်း ဆိုက်ရောက်နိုင်သည်။ သို့ဖြစ်ရာ အဂတိလိုက်စားသူတို့ကို လူ့အဖွဲ့အစည်းတစ်ရပ်လုံးက ပြင်းပြင်းထန်ထန် ရှုတ်ချကြရန်လိုသည်။ အစိုးရဌာနအဖွဲ့အစည်းများက သေချာစွာ စုံစမ်းစစ်ဆေး၍ ထိထိရောက်ရောက် အရေးယူကြရန်လိုသည်။ ပြည်သူ့ဘဏ္ဍာ၊ နိုင်ငံ့ဘဏ္ဍာကို အဆိပ်သီးကဲ့သို့ မထိရဲ၊ မကိုင်ရဲ၊ မစားရဲအောင် အကြောက်တရားကို ပြသပေးရန်လိုသည်။

**အဂတိပယ်ခွာမှသာ ချမ်းသာခြင်းအစစ်အမှန်ကို ရရှိကြမည်**

ယနေ့ နေရာအစုံစုံ၊ ကဏ္ဍအဖုံဖုံတို့တွင် အဂတိလိုက်စားခြင်းများကို တွေ့နေရသည်။ အောက်ခြေအသေးအဖွဲ့မှစ၍ ကြီးမားကျယ်ပြန့်သည်အထိ အဂတိလိုက်စားနေကြသည်။ လူသားတို့၏ ကိုယ်ကျင့်တရားတို့သည် တစ်နေ့တခြား ပျက်ပြား၍ လာကြသည်။ အဂတိလိုက်စားသူသည် မည်မျှပင် စည်းစိမ်ဂုဏ်သိမ်ကြီးမားစေကာမူ မိမိ၏ အကုသိုလ်ကံကြောင့်ပင် ရောင်ဝါမှေးမှိန်သွားတတ်ကြသည်။ နေထိပန်းကဲ့သို့ လန်းရာမှ နွမ်းသွားတတ်ကြသည်။ လူအများ၏ အထင်သေးခြင်း၊ စက်ဆုပ်ရွံရှာခြင်းတို့ကို ခံကြရသည်။ မိမိကြောင့်ပင် မိသားစု၊ ဆွေမျိုးများအား လူ့အသိုင်းအဝိုင်းမှ ပစ်ပယ်ခြင်းကို ခံကြရသည်။ ယခုပစ္စုပ္ပန်သာမက နောင်သံသရာအတွက်ပါ အပြစ်ကြွေးတို့ကို ဆတိုးပေးဆပ်တတ်ကြရသည်။ အဂတိပယ်ခွာမှသာ ချမ်းသာခြင်းအစစ်အမှန်ကို ရရှိကြမည်ဖြစ်သည်။

အဂတိလိုက်စားမှုသည် နိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အုပ်ချုပ်ရေးယန္တရားတို့တွင် ကြီးစွာသော အဟန့်အတားကြီးတစ်ခု ဖြစ်နေသည်။ ထို့ကြောင့် ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ်၊ ၅၈/၄ အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention against Corruption–UNCAC) ကို အတည်ပြုခဲ့သည်။ အဆိုပါကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရန်၊ တားဆီးကာကွယ်ရန်၊ အသိပညာပေးရန်နှင့် ကွန်ဗင်းရှင်း၏ အခန်းကဏ္ဍကို သိရှိစေရန်အတွက် ဒီဇင်ဘာလ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCAC) သို့ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုဝင်ရောက်ခဲ့သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် အာဏာတည်ခဲ့သည်။ မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည်ကို တွေ့ရှိရပါသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၏ ရည်ရွယ်ချက်မှာ-

- ❖ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်၊
- ❖ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရန်၊
- ❖ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရန်၊
- ❖ အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊
- ❖ အဂတိလိုက်စားမှု ကျူးလွန်သူများအား ထိရောက်စွာ အရေးယူရန်၊
- ❖ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများ၌ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်တို့ ဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် စတင်ဖွဲ့စည်းခဲ့သည့်အချိန်မှစ၍ လုပ်ငန်းစဉ်များ ချမှတ်ကာ ထိထိရောက်ရောက်ဆောင်ရွက်ခဲ့သည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းဟူသော လုပ်ငန်းသုံးရပ်ကို အဓိကထားဆောင်ရွက်ခဲ့ကြသည်။ အသိပညာပေးခြင်းလုပ်ငန်းသည် အဂတိလိုက်စားမှုပပျောက်ရေးအတွက် ထိရောက်သော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ **"ယနေ့လူငယ် နောင်ဝယ်လူကြီး"** ဟူသည့်အတိုင်း နောင်တစ်ချိန်တွင် နိုင်ငံအတွက် ဦးဆောင်ဦးရွက်ပြုကြရမည့် ကျောင်းသားလူငယ်များ၏ အကျင့်စာရိတ္တကောင်းမွန်ရေး၊ အဂတိအသိရှိစေရေးအတွက် အသိပညာပေးရေးလုပ်ငန်းစဉ်များကို အစီအစဉ်တစ်ရပ်အနေဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ **"အစကောင်းမှ အနှောင်းသေချာ"** ဆိုသည့်အတိုင်း ငယ်စဉ်ကလေးအရွယ်မှစ၍ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ပျိုးထောင်ရေးကို ဦးတည်ဆောင်ရွက်ခဲ့သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ ပုဒ်မ(၁၆)(ည) တွင် **"အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်ခန်းစာများကို အခြေခံပညာမူလတန်းအဆင့်မှ စတင်သင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း"** ဟူ၍ ပြဋ္ဌာန်းထားသည်။

**ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်ကို ကြိုးပမ်းဆောင်ရွက်**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးချုပ်၏ လက်ရှိတည်နေရာသည် ရုံးအမှတ် (၅၆) ဇေယျာဌာနီလမ်း ဥတ္တရသီရိမြို့နယ် နေပြည်တော်တွင် တည်ရှိသည်။ ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့နှင့် မော်လမြိုင်မြို့များတွင်လည်း ရုံးခွဲများကို ဖွင့်လှစ်ထားသည်။ သို့ဖြစ်ရာ နေပြည်တော်

> **"အဂတိလိုက်စားမှုသည် နိုင်ငံနှင့်ပြည်သူလူထုအပေါ် များစွာသော ဆိုးကျိုးများသက်ရောက်စေသည်။ အဂတိလိုက်စားမှုဟူသည့် virus ပျံ့နှံ့မှုအားကောင်းလျှင် ကောင်းသလောက် နိုင်ငံ၏ ရှေ့ဆက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များသည် ကြန့်ကြာနှောင့်နှေးရမည်ဖြစ်သည်။ ထို့ပြင် အစိုးရဌာနများအပေါ် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုများလည်း လျော့နည်းစေပြီး အုပ်ချုပ်ရေးကဏ္ဍတွင်ပါ သက်ရောက်မှုများ ရှိလာနိုင်သည်။ အစိုးရနှင့်ပြည်သူ တစ်သားတည်းရှိနေမှသာလျှင် ပြီးပြည့်စုံသော နိုင်ငံတော်သစ်ကို ထူထောင်နိုင်မည်ဖြစ်သည်။ တာဝန်ရှိပုဂ္ဂိုလ်များက တိုင်းပြည်သာယာဝပြောရေးအတွက် မည်သို့ပင် စွမ်းစွမ်းတမံ အားထုတ်ဆောင်ရွက်စေကာမူ အဂတိတရား မကင်းစင်သရွေ့ အရာထင်မည်မဟုတ်ပေ။ အချည်းနှီးသာ ဖြစ်နေပေလိမ့်မည်။ "တစ်ယောက်အားနှင့်ယူသော်မရ တစ်သောင်းအားနှင့်ယူသော်ရ၏" ဟူသည့်အတိုင်း တက်ညီလက်ညီနှင့် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြမည်ဆိုလျှင် လှပသာယာပြည်မြန်မာ ဖြစ်လာမည်မှာ ကေန်ပင်ဖြစ်"**

*စာမျက်နှာ ၁၀ သို့*

**“ ပြည်သူ့ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ပြည်သူကြား ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ပေးလျက်ရှိသည်။ နိုင်ငံတော်အပေါ် ပြည်သူများ၏ ယုံကြည်ကိုးစားမှု အားကောင်းလာစေရန်နှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်၊ သန့်ရှင်းသော အစိုးရတစ်ရပ် ပေါ်ထွန်းလာရေးအတွက် ပြည်သူ့ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အလွန်ပင် အဓိကကျ အရေးပါလျက်ရှိသည်။ ပြည်သူ့ဝန်ထမ်းဟူသည့်အတိုင်း ပြည်သူကိုမျက်နှာမူ၍ ပြည်သူ၏ လိုအပ်ချက်များကို တာဝန်သိသိဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်ရန်လိုသည်။ တာဝန်ကို အလွဲသုံးစားလုပ်ခြင်းသည် နိုင်ငံတော်အပေါ် သစ္စာဖောက်ခြင်းသာဖြစ်သည်။ နိုင်ငံတော်အပေါ်သစ္စာစောင့်သိ၍ တာဝန်ကျေပွန်ကြမည်ဆိုလျှင် နိုင်ငံနှင့်ပြည်သူ တစ်သားတည်းဖြစ်ကာ သာယာဝပြောသော နိုင်ငံတော်သစ်ဆီကို အရောက်လှမ်းနိုင်မည်”**

*စာမျက်နှာ ၉ မှ*

ပြည်ထောင်စုနယ်မြေ၊ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင် စသည့် မြို့ကြီးများတွင် ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းကျောင်းများတွင် ကျောင်းနေအရွယ်ကလေးများအား ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေးနိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ် စာအုပ်များကို ထုတ်ဝေခဲ့သည်။ ထင်ရှားထိရောက်စေမည့် အကြောင်းအရာအချို့ကို ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်စာအုပ်များမှ ထုတ်နုတ်ပြီး အခြေခံပညာမူလတန်းနှင့် အလယ်တန်း၏ စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းသင်ကြားနိုင်ရေး ဆောင်ရွက်ထားသည်ကို တွေ့ရှိရသည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစ၍ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေး (Edutain-ment) အစီအစဉ်ကို နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင်တို့တွင် ကော်မရှင်ရုံးမှ အရာထမ်း၊ အမှုထမ်းများက သင်တန်းဆရာများအဖြစ် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် ပန်းတိုင် (16.5)တွင် **“အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှုပုံစံအားလုံးကို သိသိသာသာ လျှော့ချရန်”** ဟု ပါဝင်သည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ယင်းအချက်ကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ **“ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေးအစီအစဉ်”**သည် နိုင်ငံတော်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် များစွာ အထောက်အကူပြုလျက်ရှိသည်။

အမိမြန်မာနိုင်ငံတော်ကြီး၏ အနာဂတ်လှပရေးသည် စာသင်ကျောင်းများနှင့် တိုက်ရိုက်သက်ဆိုင်ပါသည်။ ဆရာ ဆရာမများအနေဖြင့် ကျောင်းသားလူငယ်များ၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ထက်သန်ရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်ရေးတို့ကို ငယ်စဉ်ကပင် နှလုံးသားထဲကိန်းအောင်းလာအောင် ပြုစုပျိုးထောင်ပေးကြရမည်။ အသိပညာအတွက် သုတစာပေများကို သင်ကြားသကဲ့သို့ ကိုယ်ကျင့်တရားအတွက် စာရိတ္တဘာသာရပ်ကို သင်ကြားပေးလျက်ရှိသည်။ ပျော့ပျောင်းသော ရွှံ့စေးများကို ပုံသွင်းလျှင် လိုရာရနိုင်သကဲ့သို့ နူးညံ့ပျော့ပျောင်းသည့် ကလေးဘဝမှစ၍ နှလုံးသားနူးညံ့အောင်၊ နှလုံးသားလိမ္မာအောင် ပုံသွင်းထားလျှင် နိုင်ငံ့သားကောင်းရတနာများ ဖြစ်လာမည်မှာ မလွဲကေန်ပင်ဖြစ်သည်။ သို့ဖြစ်ရာ အနာဂတ်နိုင်ငံတော်ကြီး လှပရေးအတွက် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည်လည်း အလွန်ပင်အရေးပါလှပါသည်။

**“ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုထိရောက်သည်”** ဟူသည့်အတိုင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု ပြဿနာများ မဖြစ်ပွားစေရေးအတွက် ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများကိုလည်း အစဉ်တစိုက် ဆောင်ရွက်လျက်ရှိသည်။

- ❖ အစိုးရဌာနအဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုများ တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲများ၊ သင်တန်းများပြုလုပ်ခြင်း၊
- ❖ အခြေခံပညာကျောင်းသားများအတွက် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ် ဆရာကိုင်စာအုပ်များ ပြုစုခြင်း၊
- ❖ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုများထံ အဂတိလိုက်စားမှုများ တားဆီးကာကွယ်ရေး အသိပညာပေးသည့် ဟောပြောပွဲများ ကျင်းပခြင်း၊
- ❖ အစိုးရဌာနများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းဌာနများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ကြရာတွင် အဂတိလိုက်စားမှုများ ရှိနေခြင်းတို့ကြောင့် ပြည်သူများအနေဖြင့် နစ်နာဆုံးရှုံးမှုများ ရှိပါက တိုင်ကြားနိုင်အောင် စီစဉ်ဆောင်ရွက်ခြင်း၊
- ❖ တိုင်ကြားစာများအား ဖွဲ့စည်းထားသည့် တိုင်ကြားစာစိစစ်သုံးသပ်ရေးအဖွဲ့က စိစစ်ပြီး အပတ်စဉ်ပြုလုပ်သည့် ကော်မရှင်အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ခြင်း၊
- ❖ တိုင်ကြားစာအပေါ် သတင်းအတည်ပြုချက်ရယူခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊
- ❖ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအား ကော်မရှင်အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်၍ ဥပဒေအကြံပြုချက်ရယူခြင်း၊
- ❖ နိုင်ငံ့ဝန်ထမ်းဥပဒေအရသာ အရေးယူသင့်ကြောင်း တွေ့ရှိပါက သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးပို့၍ အရေးယူစေခြင်း၊
- ❖ ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိရပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေဖြင့် တရားစွဲခြင်း စသည့်လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် အဂတိလိုက်စားမှု လျော့ပါးပပျောက်ရေးအတွက် တင်းတင်းကျပ်ကျပ် အရေးယူဆောင်ရွက်လျက်ရှိသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာများနှင့် ဥပဒေဆိုင်ရာ အသိအမြင်များကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေလျက် ထိထိရောက်ရောက် ဆောင်ရွက်နေသည့်အပြင် ပြည်သူလူထုနှင့် ပူးပေါင်း၍လည်း အဂတိလိုက်စားမှုများ ကင်းစင်ပပျောက်စေရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဂတိလိုက်စားမှုသည် နိုင်ငံနှင့် ပြည်သူလူထုအပေါ် များစွာသော ဆိုးကျိုးများ သက်ရောက်စေသည်။ အဂတိလိုက်စားမှုဟူသည့် virus ပျံ့နှံ့မှု အားကောင်းလျှင် ကောင်းသလောက် နိုင်ငံ၏ ရှေ့ဆက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များသည် ကြန့်ကြာနှောင့်နှေးရမည်ဖြစ်သည်။ ထို့ပြင် အစိုးရဌာနများအပေါ် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုများလည်း လျော့နည်းစေပြီး အုပ်ချုပ်ရေးကဏ္ဍတွင်ပါ သက်ရောက်မှုများ ရှိလာနိုင်သည်။ အစိုးရနှင့် ပြည်သူ တစ်သားတည်းရှိနေမှသာလျှင် ပြီးပြည့်စုံသော နိုင်ငံတော်သစ်ကို ထူထောင်နိုင်မည်ဖြစ်သည်။ တာဝန်ရှိပုဂ္ဂိုလ်များက တိုင်းပြည်သာယာဝပြောရေးအတွက် မည်သို့ပင် စွမ်းစွမ်းတမံ အားထုတ်ဆောင်ရွက်စေကာမူ အဂတိတရား မကင်းစင်သရွေ့ အရာထင်မည် မဟုတ်ပေ။ အချည်းနှီးသာ ဖြစ်နေပေလိမ့်မည်။ **“တစ်ယောက်အားနှင့်ယူသော်မရ တစ်သောင်းအားနှင့်ယူသော်ရ၏”** ဟူသည့်အတိုင်း တက်ညီလက်ညီနှင့် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြမည်ဆိုလျှင် လှပသာယာပြည်မြန်မာ ဖြစ်လာမည်မှာ ဧကန်ပင်ဖြစ်သည်။

ပြည်သူ့ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ပြည်သူကြား ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ပေးလျက်ရှိသည်။ နိုင်ငံတော်အပေါ် ပြည်သူများ၏ ယုံကြည်ကိုးစားမှု အားကောင်းလာစေရန်နှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်၊ သန့်ရှင်းသော အစိုးရတစ်ရပ် ပေါ်ထွန်းလာရေးအတွက် ပြည်သူ့ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အလွန်ပင် အဓိကကျ အရေးပါလျက်ရှိသည်။ ပြည်သူ့ဝန်ထမ်းဟူသည့်အတိုင်း ပြည်သူကိုမျက်နှာမူ၍ ပြည်သူ၏ လိုအပ်ချက်များကို တာဝန်သိသိဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်ရန်လိုသည်။ တာဝန်ကို အလွဲသုံးစားလုပ်ခြင်းသည် နိုင်ငံတော်အပေါ် သစ္စာဖောက်ခြင်းသာ ဖြစ်သည်။ နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ တာဝန်ကျေပွန်ကြမည်ဆိုလျှင် နိုင်ငံနှင့်ပြည်သူ တစ်သားတည်းဖြစ်ကာ သာယာဝပြောသော နိုင်ငံတော်သစ်ဆီကို အရောက်လှမ်းနိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကပင် တိုင်းဂုဏ်၊ ပြည်ဂုဏ်၊ ဇာတိဂုဏ်ဖြင့် ကမ္ဘာ့အလယ် ဝင့်ထည်ခဲ့သောနိုင်ငံဖြစ်သည်။ သယံဇာတပေါကြွယ်ဝ၍ ယဉ်ကျေးမှုကြီးမားသော နိုင်ငံဖြစ်သည်။ ယခုအခါ ကိုယ်ကျင့်တရားတို့ လျော့ပါးလာသည်နှင့်အမျှ ဂုဏ်သိက္ခာတို့သည်လည်း မှေးမှိန်ခဲ့ရသည်။ အမိမြန်မာနိုင်ငံတော်ကြီး ရှေးကကဲ့သို့ ဂုဏ်သိက္ခာကြီးမားစွာ ဝင့်ကြွားနိုင်ရေးသည် မြန်မာပြည်သူ၊ ပြည်သားအားလုံး၏ အိပ်မက်ပင်ဖြစ်သည်။ ထိုအိပ်မက်ကို အကောင်အထည်ဖော်ရန်မှာလည်း အားလုံးနှင့်သက်ဆိုင်သည်။ ဇာတိချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို အရင်းတည်၍ အတ္တဟိတထက် ပရဟိတကိုရှေးရှုကာ အဂတိပယ်ခွာမည်ဆိုလျှင် သာယာလှပသော မြန်မာပြည်ကြီးကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ မိမိတစ်ဦးတစ်ယောက်တည်း ကောင်းစားရေးထက် အများပြည်သူတို့၏ အဆင်ပြေ ချောမွေ့ရေးကို ဦးစားပေးမည်ဆိုလျှင်၊ ကိုယ်ချင်းစာတရားထားကြမည်ဆိုလျှင် တန်းတူညီမျှပြီး ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းတစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်သည်။

### ပြည်သူ၊ ပြည်သားအားလုံး လက်တွဲညီညီဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်

အဂတိလိုက်စားမှုသည် တိုင်းပြည်နှင့် ပြည်သူလူထုအပေါ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆိုးကျိုးများစွာ သက်ရောက်လျက်ရှိသည်။ အဂတိလိုက်စားမှုကြောင့် တိုင်းပြည်၏ဘဏ္ဍာငွေများ အလဟဿ ဆုံးရှုံးနစ်နာခဲ့ရသည်။ ပြည်သူတို့၏ ဘဝမြင့်မားရေးအတွက် ရည်ရွယ်၍ ဆောင်ရွက်နေသော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူနေမှုမြှင့်တင်ရေး လုပ်ငန်းများသည် ထင်သလောက် ခရီးမရောက်နိုင်ဘဲ ရှိခဲ့သည်။ အရည်အသွေးမပြည့်မီမှု ဘေးထွက်ဆိုးကျိုးများကို ကြုံတွေ့နေရသည်။ **“သင်သေသွားသော်၊ သင်ဖွားသောမြေ၊ သင်တို့မြေသည်၊ အခြေတိုးမြင့်၊ ကြံကောင်းသင့်၏”** ဟူသော ဆရာဇော်ဂျီ၏ **“သင်သေသွားသော်”** ကဗျာကဲ့သို့ပင် တစ်ဦးချင်းစီက တိုင်းပြည်အပေါ် စေတနာအပြည့်အဝထားကာ တိုင်းပြည်တိုးတက်မြင့်မားလိုစိတ် ပြင်းပြကြရန်လိုသည်။ **“နိုင်ငံတစ်ဝန်းတွင် ပျံ့နှံ့နေသော အဂတိလိုက်စားမှုများကို အများပြည်သူတို့နှင့်အတူ လက်တွဲ၍ တွန်းလှန်တိုက်ဖျက်ခြင်းဖြင့် အများပြည်သူတို့၏ဘဝများ သာယာဝပြောလာစေရန်”** ဟူသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ရည်မှန်းချက်နှင့်အညီ ပြည်သူ၊ ပြည်သားအားလုံးတို့က လက်တွဲညီညီဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဆိုလျှင် အဂတိကင်းစင်ပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံ ဖြစ်လာနိုင်ပါသည်။ **“အဂတိပယ်ခွာ ပြည်သာယာ”** ဟူသော ဆောင်ပုဒ်နှင့်အညီ အဂတိကင်းစင်ပြီး သာယာဝပြောသော နိုင်ငံတော်သစ်ဆီသို့ အရောက်လှမ်းနိုင် ကြပါစေဟု ဆန္ဒပြု၍ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။ ။


**ကိုးကားစာရင်း**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ
https://my.wikipedia.org
https://Myanmar.gov.mm
http://www.accm.gov.mm
https://www.mlis.gov.mm


## ကွမ်းခြံကုန်းမြို့နယ်၌ သမဝါယမအသင်းစုလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ကွမ်းခြံကုန်း ဒီဇင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ပြန်လည်ရွေးချယ်ပွဲကို ဒီဇင်ဘာ ၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် သမဝါယမဦးစီးဌာနရုံး ခန်းမ၌ ကျင်းပသည်။

ဦးစွာ အသင်းဥက္ကဋ္ဌ ဦးကျော်ရင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး နှစ်ချုပ်အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာမြင့်က သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိ ဆောင်ရွက်လျက်ရှိသည့် သမဝါယမလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကွမ်းခြံကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးရဲတင့်က ရှေ့လုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအဆင့် ဖွဲ့စည်းရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာမြင့်က ဦးဆောင်၍ အမှုဆောင်အဖွဲ့ ခုနစ်ဦး၊ အသင်းစာရင်းစစ်အဖွဲ့ နှစ်ဦးတို့ကို ရွေးချယ်အတည်ပြုခဲ့ကြောင်း သိရသည်။ **ဆွေနွယ်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဝေါမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များ တိုးတက်မြင့်မားစေရေး ကွင်းဆင်းဆောင်ရွက်

**ဝေါ ဒီဇင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ဒီဇင်ဘာ ၅ ရက်က ဝေါမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေး ထွက်ကုန်များ တိုးတက်မြင့်မားစေရေး ကွင်းဆင်း ဆောင်ရွက်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဝေါမြို့နယ် ကျိုက်လှကျေးရွာအုပ်စု၌ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာ မွေးမြူရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ဦးကျော်ကျော်၏ ဒေသနွားမွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုအားပေးပြီး ဒေသနွားများကို မေထုန်မဲ့သားစပ်ခြင်းများ ဆောင်ရွက်ပေးရန်၊ တိရစ္ဆာန်အစာအဖြစ် နေပီယာမြက်စိုက်ပျိုးရန်၊ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းမှ သဘာဝမြေဩဇာ ထုတ်လုပ်ရန်နှင့် ဒေသဝက်နှင့် ဘဲမွေးမြူရေးလုပ်ငန်းများ တိုးချဲ့မွေးမြူနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသည့် ဦးမင်းမင်းသူ၏ အသားစားကြက်ကောင်ရေ ၆၀၀၀ မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုအားပေးပြီး ကြက်သားပေါက်ဈေးနှုန်းမြင့်တက်မှုကို ထိန်းချုပ်နိုင်ရေး ဒေသတွင်းကြက်သားပေါက်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားနိုင်ရေးနှင့် ဒေသကြက်ကို တစ်ပိုင်တစ်နိုင် မွေးမြူသည့်အဆင့်မှ စီးပွားဖြစ် အဆင့်ထိ တိုးချဲ့မွေးမြူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကျိုက်လှချောင်းဟောင်းတစ်လျှောက် လယ်မြေများ သီးထပ်စွမ်းအားတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် ချောင်းဟောင်းတစ်လျှောက် ပြန်လည်တူးဖော်နိုင်ရေးနှင့် အကျိုးပြုနိုင်မည့် စိုက်ကေများ ကွင်းဆင်း စိစစ်တင်ပြရန် တာဝန်ရှိသူများအား ညွှန်ကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝေါမြို့နယ် ကျိုက်လှကျေးရွာအုပ်စု၌ တစ်နှစ်သုံးသီးစိုက် တစ်ကွင်းတစ်ဆက်တည်းဧက ၁၅ ပြည့် မြေလပ်မရှိ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေး ပဲမျိုးစုံနှင့် နေကြာစံပြကွက် စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ကျိုက်လှကွင်းအတွင်း ကွင်းလုံး အတွက် ရေရရှိရေးနည်းလမ်းများ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပန်းတနော်မြို့၌ သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည် အစည်းအဝေးကျင်းပ

**ပန်းတနော် ဒီဇင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဒီဇင်ဘာ ၆ ရက်က မြို့နယ်သမဝါယမအသင်းစုရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်အောင်က နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်မှုရှိအောင် သမဝါယမအသင်းများက ဆောင်ရွက်နိုင်စေရေးတို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်လှဆန်းက သမဝါယမလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်များနှင့် အသင်းသားစာရင်းစစ် အစီရင်ခံစာများကို သမဝါယမအမှုဆောင်များက ရှင်းလင်းဖတ်ကြားတင်သွင်းကြပြီး ဆွေးနွေးအကြံပြုချက်များကို သဘာပတိက အတည်ပြုချက်ရယူခဲ့ကြောင်း သိရသည်။



**မြို့နယ် (ပြန်/ဆက်)**

# ဒေးဒရဲမြို့နယ်၌ နိုင်ငံသား စိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်



**ဒေးဒရဲ ဒီဇင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ဒီဇင်ဘာ ၅ ရက်တွင် နောက်ပြန်တိုးကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်းရှိကျောင်းသား ကျောင်းသူများအား ပန်းခင်းစီမံချက် (၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တိုက်နယ်မှူး ဦးဖြိုးဇင်နိုင်က မြန်မာနိုင်ငံသား ဥပဒေအကြောင်းအရာများ၊ ပန်းခင်းစီမံချက် အကြောင်းအရာများနှင့် နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်ထားခြင်းကြောင့် ရရှိမည့် အကျိုးကျေးဇူးများ၊ မပျောက်မပျက်အောင် စနစ်တကျထိန်းသိမ်းရန် လိုအပ်ပုံတို့ကို ရှင်းလင်းပြောကြားသည်။ **သိဒ္ဓိအောင်**

# မုဒုံမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲကျင်းပ

**မုဒုံ ဒီဇင်ဘာ ၇**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အခြေခံပညာကျောင်းစာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၆ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

လှူဒါန်းပွဲတွင် မွန်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးချိုချိုက အမှာစကားပြောကြားသည်။ ထို့နောက် မုဒုံမြို့နယ် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းအောင်၊ မွန်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက် ၁၀ တိုက်အတွက် သုတ၊ ရသ၊ မဂ္ဂဇင်း၊ ရုပ်ပြ၊ ပုံပြင် စသည့်စာအုပ် ၅၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**




# မက်မန်းမြို့နယ် နားလုံကျေးရွာ ကွန်ကရစ်လမ်းခင်းမှု ၉၅ ရာခိုင်နှုန်းပြီးစီး

**မက်မန်း ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် တာကော်လေးကျေးရွာအုပ်စု နားလုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မက်မန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဦးမျိုးသိန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ နားလုံကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည် ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေများကို အသုံးပြုကာ အောက်တိုဘာလ တတိယအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**



ကျောက်ဆည်မြို့နယ် အေးမြကြည်လင်ဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၅ ရက်က ပြုလုပ်ရာ မြို့နယ်မီးသတ်ဦးစီးမှူးက မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာပေးပြီး မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများနှင့် ဈေးသူဈေးသားများက ပူးပေါင်းသရုပ်ပြ လေ့ကျင့်စဉ်။ **မောင်ကျော်ကြီး**

# ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဒီဇင်ဘာ ၇**

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး **အသက် (၂၃) နှစ်အောက် အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို** ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ရမှတ် (၁၀၆-၇၂) မှတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ရမှတ် (၇၀-၆၇)မှတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

ပြည်နယ်နှင့်တိုင်းဒေသကြီး **အသက် (၂၀) နှစ်အောက် ဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌ ကျင်းပရာ **အမျိုးသား ဘော်လီဘောပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီးအသင်း က ရခိုင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို သုံးပွဲ -တစ်ပွဲဖြင့်လည်းကောင်း၊ **အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး **အသက် (၂၁) နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲအုပ်စုပတ်လည်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း (၃)/(၄)တို့တွင် ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အသက်(၂၅)နှစ်အောက်**
**အမျိုးသမီးဘောလုံးပြိုင်ပွဲ**

ပြည်နယ်နှင့်တိုင်းဒေသကြီး **အသက် (၂၅) နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များကို** ဘောဂဝတီအားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မွန်ပြည်နယ်အသင်းကိုနှစ်ဂိုး-တစ်ဂိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

ပြည်နယ်နှင့်တိုင်းဒေသကြီး **ဖူဆယ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပရာ **အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင်** ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးဂိုး-နှစ်ဂိုး၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို လေးဂိုး-သုံးဂိုး၊မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ကိုးဂိုး-သုံးဂိုး၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ခုနစ်ဂိုး - ငါးဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး **ကြက်တောင်ရိုက်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C)ရုံ၌ကျင်းပရာ **အမျိုးသား ကြက်တောင်ရိုက်ပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို သုံးပွဲ-တစ်ပွဲ၊ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ **အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီး အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး **ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစား ကွင်း(A)ရုံ၌ ကျင်းပရာ **အမျိုးသား သုံးယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲတွင်** ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ဧရာဝတီ တိုင်းဒေသကြီးအသင်းကိုနှစ်ပွဲ-တစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ရခိုင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ

*စာမျက်နှာ ၁၃ သို့*



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားကြက်တောင်ရိုက်ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ-မျိုးထက်ဦး



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ-မျိုးထက်ဦး



ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

*စာမျက်နှာ ၁၂ မှ*

နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲ - တစ်ပွဲ၊ မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ - တစ်ပွဲ၊ မကွေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ **အမျိုးသမီး သုံးယောက်တွဲ ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင်** တနင်္သာရီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ - တစ်ပွဲ၊ မွန်ပြည်နယ်အသင်းကစစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ မွန်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရခိုင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အသက်(၂၅)နှစ်အောက်**
**ခရစ်ကတ်ပြိုင်ပွဲ**

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် ခရစ်ကတ်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း မြားပစ်ကွင်း (၁/၂)၌ ကျင်းပရာ **အမျိုးသားခရစ်ကတ် ပြိုင်ပွဲတွင်** ကရင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ၆၇ မှတ်အသာ ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းကမန္တလေးတိုင်းဒေသကြီးအသင်းကို ငါးယောက်အသာ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ခြောက်ယောက်အသာ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို ၁၁၁ မှတ်အသာဖြင့်လည်းကောင်း၊ **အမျိုးသမီး ခရစ်ကတ်ပြိုင်ပွဲတွင်** ရခိုင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို သုံးယောက်အသာ၊ ကရင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ခြောက်ယောက်အသာ၊ ပဲခူးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ယောက်အသာ၊ မွန်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို တစ်ယောက်အသာဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ဂေါက်သီးရိုက်ပွဲကို မြို့တော် ဂေါက်ကွင်း၌ ကျင်းပရာ တစ်ဦးချင်းပြိုင်ပွဲ (အကျောမဲ့)၊ တစ်ဦးချင်းပြိုင်ပွဲ( အကျောပေး)၊ အသင်းလိုက်ပြိုင်ပွဲ (အကျောမဲ့) နှင့် အသင်းလိုက်ပြိုင်ပွဲ (အကျောပေး) ပြိုင်ပွဲများကို ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ




ပြည်နယ်နှင့်တိုင်းဒေသကြီး ဂေါက်သီးရိုက်ပြိုင်ပွဲ တစ်ဦးချင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် တစ်ဦး ယှဉ်ပြိုင်ကစားစဉ်။

ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး လက်ဝှေ့ ပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌ကျင်းပရာ **အမျိုးသား (၅၇) ကီလိုတန်းပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ လမင်းကိုကိုက ရခိုင်ပြည်နယ်မှ ကျော်စွာမင်းကို လည်းကောင်း၊ ဧရာဝတီ တိုင်းဒေသကြီးမှ ကျော်စွာမိုးက မကွေးတိုင်းဒေသကြီးမှ လဝန်းအောင်ကိုလည်းကောင်း၊ ချင်းပြည်နယ်မှ ဂင်ရှန်မွှေ့ဂင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ အာကာဖြိုးဝေကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ စောလှဟန်အေးက မန္တလေး တိုင်းဒေသကြီးမှ ရဲမင်းနိုင်ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသား (၇၁) ကီလိုတန်းပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီးမှ အောင်မြင့်ထွန်းက တနင်္သာရီ တိုင်းဒေသကြီးမှ သက်ကျော်ထွေးကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ ထွန်းထွန်းဝင်းက မွန်ပြည်နယ်မှ ဇင်မင်းအောင် ကိုလည်းကောင်း၊ ကချင်ပြည်နယ်မှ သူရဦးက ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ခိုင်မြင့်အောင်ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ အောင်ဇင်ထိုက်က ရန်ကုန် တိုင်းဒေသကြီးမှ အံ့ထူးနိုင်ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်မှ ဗန်လာတ်ထလျန်ဆန်က မကွေးတိုင်းဒေသကြီးမှ သာလင်းထက်ကို လည်းကောင်း၊ ကရင်ပြည်နယ်မှ စောငွေမိုးက ဧရာဝတီ တိုင်းဒေသကြီးမှ ငြိမ်းပြည့်စုံကို လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီး (၅၂) ကီလိုတန်းပြိုင်ပွဲတွင်** မကွေးတိုင်းဒေသကြီးမှ သင်းသင်းခိုင်က စစ်ကိုင်းတိုင်းဒေသကြီးမှ နန်းငယ်ငယ်ထူးကိုလည်းကောင်း၊ မွန်ပြည်နယ်မှ ကြည်လဲ့လဲ့ဦးက ကရင်ပြည်နယ်မှ ပပဝင်းကိုလည်းကောင်း၊ **အမျိုးသမီး(၅၄) ကီလိုတန်းပြိုင်ပွဲတွင်** ကရင်ပြည်နယ်မှ နန်းသန္တာသိမ့်က ဧရာဝတီတိုင်းဒေသကြီးမှ နော်သီရိစန္ဒာ ကိုလည်းကောင်း၊ **အမျိုးသမီး (၅၇) ကီလိုတန်းပြိုင်ပွဲတွင်** ဧရာဝတီတိုင်းဒေသကြီးမှ ချမ်းပြည့်စိုးက ကရင်ပြည်နယ်မှ နန်းအေးသန္တာအောင်ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ သွယ်ဇင်ယွန်းက မွန်ပြည်နယ်မှ ငြိမ်းအေးသူကို လည်းကောင်း၊ ချင်းပြည်နယ်မှ ကိမ်ရှုန်းဒိတ်ဆန်က မန္တလေးတိုင်းဒေသကြီးမှ အိအိထွေးကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ နန်းစုနွယ်က တနင်္သာရီတိုင်းဒေသကြီးမှ မာလာစိုးကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံး ပြိုင်ပွဲ အုပ်စုပတ် လည်ပွဲစဉ်များကို** ပေါင်းလောင်း အားကစားကွင်း၊ ရွှေကြာပင် အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး- တစ်ဂိုးဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး- တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ကြည့်ရှုအားပေး**

ယနေ့ ကျင်းပသည့် အားကစား ပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဆုတံဆိပ်များ ရရှိမှုအနေဖြင့် **ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင်** စစ်ကိုင်းတိုင်းဒေသကြီးက ရွှေ တစ်ခု၊ မွန်ပြည်နယ်က ရွှေ တစ်ခု၊ ကရင်ပြည်နယ်က ငွေ တစ်ခု၊ ရခိုင်ပြည်နယ်အသင်းက ငွေ တစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးက ကြေး တစ်ခုနှင့် မန္တလေးတိုင်းဒေသကြီးက ကြေး တစ်ခု၊ **မသန်စွမ်း အားကစားနည်းပြိုင်ပွဲများတွင်** ဧရာဝတီတိုင်းဒေသကြီးက ရွှေ ၁၁ ခု၊ ငွေ ငါးခု၊ ကြေး လေးခု၊ ပဲခူးတိုင်းဒေသကြီးက ရွှေ ရှစ်ခု၊ ငွေ ငါးခု ၊ ကြေး ခုနစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးက ရွှေ ခုနစ်ခု၊ ငွေ ခုနစ်ခု၊ ကြေး ငါးခု၊ မန္တလေးတိုင်းဒေသကြီးက ရွှေ လေးခု၊ ငွေ ကိုးခု၊ ကြေး ၁၁ခု၊ မွန်ပြည်နယ်က ရွှေ လေးခု၊ ငွေ ခုနစ်ခု၊ ကြေး လေးခု၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်က ရွှေ လေးခု၊ ငွေ ငါးခု၊ ကြေး ခြောက်ခုတို့ကို ဆွတ်ခူးရရှိထားကြကြောင်း သိရသည်။

**သတင်းစဉ်**




ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။




ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ-မျိုးထက်ဦး

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲ ၅၂ ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ သွယ်ဇင်ယွန်းနှင့် မွန်ပြည်နယ်မှ ငြိမ်းအေးသူတို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၀ အောက် ဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်တွင် ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ-မျိုးထက်ဦး



ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ခရစ်ကတ်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ် အမျိုးသမီးခရစ်ကတ်ပြိုင်ပွဲတွင် ကရင်ပြည်နယ် အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ခရစ်ကတ်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ် အမျိုးသား ခရစ်ကတ်ပြိုင်ပွဲတွင် မွန်ပြည်နယ် အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ် အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ် အမျိုးသမီး သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

# ဆီးရီးယားနိုင်ငံမြောက်ပိုင်း၌ ပဋိပက္ခဖြစ်ပွားမှုကြောင့် လူပေါင်း ၃၇၀၀၀၀ ထက်မနည်း ဘေးလွတ်ရာ တိမ်းရှောင်

**ဒမတ်စကတ် ဒီဇင်ဘာ ၇**

လွန်ခဲ့သည့် သီတင်းပတ်အတွင်း ဆီးရီးယားနိုင်ငံ မြောက်ပိုင်း၌ ပဋိပက္ခဖြစ်ပွားမှုကြောင့် အရပ်သား ရာနှင့်ချီ သေဆုံး သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိကြောင်း၊ လူပေါင်း ၃၇၀၀၀၀ ထက်မနည်း မှာလည်း ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရကြောင်း ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာအဖွဲ့က ဒီဇင်ဘာ ၆ ရက်တွင် ပြောသည်။

ဆီးရီးယားနိုင်ငံ၏ အခြားနေရာဒေသများသို့ ပဋိပက္ခဖြစ်ပွားမှု ကူးစက်ပျံ့နှံ့လျက်ရှိပြီး အရပ်သားများ၏ ဘေးကင်းလုံခြုံမှုကို ဆိုးရွားစွာခြိမ်းခြောက်လာသည့်အတွက် နိုင်ငံမြောက်ပိုင်းတွင် ပဋိပက္ခဖြစ်ပွားမှုများ အရှိန်မြင့်တက်လာမှုနှင့် ပတ်သက်ပြီး ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (အိုစီအိတ်ချ်အေ) က သတိပေးပြောကြားလိုက်သည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း အရပ်သား ရာနှင့်ချီ သေဆုံး သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိကြောင်း၊ ခန့်မှန်းရပြီး အရေအတွက် အတိအကျကို အတည်မပြုရသေးကြောင်း အိုစီအိတ်ချ်အေက ပြောသည်။ ဆီးရီးယားနိုင်ငံတွင် ပဋိပက္ခဖြစ်ပွားချိန်မှ စတင်ကာ လူပေါင်း ၃၇၀၀၀၀ ထက်မနည်းမှာ အိုးအိမ်စွန့်ခွာထွက်ပြေးကြရကြောင်း သိရသည်။

အများစုမှာ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြောင်း အိုစီအိတ်ချ်အေက ဆက်ပြောသည်။ အလက်ပိုမြို့ရှိ အများပြည်သူ ဝန်ဆောင်မှုရုံးများနှင့် အရေးပါသော အဆောက်အအုံများမှာ ထောက်ပံ့ရေးနှင့် လုပ်သားအင်အား ပြတ်တောက်မှုကြောင့် နှောင့်နှေးကြန့်ကြာမှု သို့မဟုတ် လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း သိရသည်။



ယင်းကဲ့သို့ဖြစ်ပွားမှုက ဒေသတွင်း ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ဆိုးရွားစွာထိခိုက်စေပြီး အလက်ပိုနှင့် အစ်လစ်ဘ်မြို့တို့တွင် အဓိကကျသော ကျန်းမာရေးအဆောက်အအုံများတွင် လုပ်ငန်းလည်ပတ်မှုများကို ရပ်ဆိုင်းစေနိုင်သည်ဟု အိုစီအိတ်ချ်အေက ပြောသည်။ **ဆင်ဟွာ**

## တစ်ပိုင်းလျှပ်ကူးကုမ္ပဏီ Nvidia က ဗီယက်နမ်တွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးစင်တာ ဖွင့်လှစ်မည်

**ဟန်နွိုင်း ဒီဇင်ဘာ ၇**

ဗီယက်နမ်နိုင်ငံတွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးစင်တာတစ်ခု ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အမေရိကန် တစ်ပိုင်းလျှပ်ကူးကုမ္ပဏီ Nvidia က ထုတ်ပြန် ကြေညာလိုက်သည်။ ယင်းမှာ အရှေ့တောင်အာရှတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် ချစ်ပ်ထုတ်လုပ်သော အနောက်နိုင်ငံ၏ နောက်ဆုံးကြိုးပမ်းမှုဖြစ်ကြောင်း သိရသည်။




Nvidia တည်ထောင်သူလည်းဖြစ် စီအီးအိုလည်း ဖြစ်သော ဂျန်ဆင်ဟွန်းသည် ဗီယက်နမ်ဝန်ကြီးချုပ် ဖန်မင်ချင်းနှင့် ဟန်နွိုင်းမြို့တော်တွင် ဒီဇင်ဘာ ၅ ရက်က တွေ့ဆုံဆွေးနွေးရာ၌ ထိုကဲ့သို့ လုပ်ဆောင်ရန် သဘောတူခဲ့ခြင်း ဖြစ်သည်။ အဆိုပါ သုတေသနစင်တာသည် ဗီယက်နမ်နိုင်ငံတွင် Nvidia ကုမ္ပဏီ၏ ပထမဆုံးစင်တာ ဖြစ်လာမည်ဖြစ်သည်။

ယင်းစင်တာသည် အေအိုင်၊ ဆော့ဝဲလ်နှင့် နည်းပညာများကို အဓိကထား လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တံခါးပိတ်ဆွေးနွေးမှုပြုလုပ်ပြီးနောက် ဟွန်းက သတင်းထောက်များသို့ ပြောသည်။ ထို့ပြင် စင်တာက ဗီယက်နမ်နိုင်ငံတွင် အေအိုင်သုတေသီ အများအပြားတိုးပွားလာစေမည်ဖြစ်ကြောင်း လည်း ၎င်းက ဆက်ပြောသည်။

ဗီယက်နမ်နိုင်ငံသည် နိုင်ငံ၏ လူငယ်လူရွယ်များကို အသုံးပြုပြီး တစ်ပိုင်းလျှပ်ကူးပစ္စည်း ထုတ်လုပ်မှုအတွက် ဗဟိုချက်နေရာ တစ်ခုဖြစ်လာရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ အစိုးရသည် ၂၀၃၀ ပြည့်နှစ် မတိုင်မီအတွင်း စက်ရုံအလုပ်ရုံများတွင် လုပ်ငန်းခွင်ဝင်နိုင်ရေးအတွက် အင်ဂျင်နီယာလုပ်သား ၅၀၀၀၀ ကို လေ့ကျင့် သင်ကြားပေးရန် ရည်မှန်းထားကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## အာဖဂန်နစ္စတန်နိုင်ငံ၌ အလုပ်လုပ်ကိုင်ခွင့်ပါမစ် လူ ၆၅၀၀၀ ကျော်ကို ထုတ်ပေး

**ကဘူးလ် ဒီဇင်ဘာ ၇**

အာဖဂန်အိမ်စောင့်အစိုးရ၏ အလုပ်သမားနှင့် လူမှုရေးဝန်ကြီးဌာနက လွန်ခဲ့သည့် ရှစ်လအတွင်း အလုပ်လုပ်ကိုင်ခွင့်ပါမစ် လူ ၆၅၀၀၀ ကျော်ကို ထုတ်ပေးခဲ့ကြောင်း ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဆာမီလ်လာ့ အီဘရာဟင်မီက ပြောကြားသည်။

အလုပ်သမားနှင့် လူမှုရေးဝန်ကြီးဌာနက မတ်လမှစကာ အမျိုးသမီးများနှင့် နိုင်ငံခြားသားများအပါအဝင် လူ ၆၅၀၀၀ ကျော်ကို အလုပ်လုပ်ကိုင်ခွင့်ပါမစ် ထုတ်ပေးခဲ့ကြောင်း ဒီဇင်ဘာ ၇ ရက်က ပြည်တွင်းမီဒီယာ တိုလိုနယူးစ်သို့ ပြောကြားသည်။

အာဖဂန်အိမ်စောင့်အစိုးရအဖွဲ့သည် ဆင်းရဲနွမ်းပါးမှုလျော့နည်းစေရန် ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရန် အကောင်းဆုံးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက မှတ်ချက်ပြုထားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ကြီးမားသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို စတင်လုပ်ဆောင်နေပြီး ဆင်းရဲနွမ်းပါးမှုလျော့နည်းစေရန် အာဖဂန်နှင့် နိုင်ငံခြားကုမ္ပဏီများကို ရင်းနှီးမြှုပ်နှံရန် တိုက်တွန်းထားသည်ဟု ပြည်တွင်းစီးပွားရေး လေ့လာသူများက ခန့်မှန်းထားသည်။

**ဆင်ဟွာ**

## အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗား၌ ရေကြီးနစ်မြုပ်မှုနှင့် မြေပြိုမှုကြောင့် ငါးဦးသေဆုံး၊ ခုနစ်ဦးပျောက်ဆုံးနေ

**ဂျကာတာ ဒီဇင်ဘာ ၇**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်၌ ရုတ်တရက်ရေကြီးမှုနှင့် မြေပြိုမှုတို့ ဖြစ်ပွားသဖြင့် သေဆုံးသူငါးဦးကို ပြန်လည်တွေ့ရှိခဲ့ပြီး ခုနစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ ရာနှင့်ချီသည့် နေအိမ်များနှင့် အခြေခံအဆောက်အအုံများလည်းပျက်စီးခဲ့ရကြောင်း တာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၆ ရက်တွင် ပြောကြားသည်။

ဆူကာဘူမီ၌ ဒီဇင်ဘာ ၃ ရက်က ရေကြီးမှုနှင့် မြေပြိုမှုများ စတင်ဖြစ်ပွားခဲ့ရာ နေအိမ် ၅၈၉ လုံး ပျက်စီးခဲ့ပြီး ဒေသခံ ၁၄၀၀ ဘေးလွတ်ရာ ပြောင်းရွှေ့ခဲ့ရကြောင်း၊ တံတား ၁၀ စင်းလည်း ပြိုကျခဲ့ကြောင်း ပြည်နယ်ဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် လျော့ပါးရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဟာဒီရာမက်က ဆိုသည်။

သဘာဝဘေးကြောင့် သေဆုံးသူ ငါးဦး၏ ရုပ်အလောင်းများကို တွေ့ရှိခဲ့သော်လည်း ပျောက်ဆုံးနေသူများကို ရှာဖွေနေဆဲဖြစ်သည်။ ပျောက်ဆုံးသူ ခုနစ်ဦးအနက်ငါးဦးမှာ မြေပြိုမှုကြောင့်ဖြစ်ပြီး အခြားနှစ်ဦးမှာ ပျောက်ဆုံးရသည့် အကြောင်းရင်းကိုမသိသေးကြောင်း ၎င်းက ဆက်လက်ပြောသည်။ သဘာဝဘေးကြောင့် ကယ်ဆယ်ရေးစခန်းနှစ်ခုကို ဖွင့်လှစ်ထားကြောင်း သိရသည်။ **ဆင်ဟွာ**





## ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ နေအိမ်များမီးလောင်မှုဖြစ်ပွား၊ ခြောက်ဦးသေဆုံး

**မနီလာ ဒီဇင်ဘာ ၇**

ဖိလစ်ပိုင်နိုင်ငံမြို့တော် မနီလာ၌ ဒီဇင်ဘာ ၇ ရက်က နေအိမ်များ မီးလောင်မှုဖြစ်ပွားရာ ကလေးနှစ်ဦးအပါအဝင် ခြောက်ဦးသေဆုံးခဲ့သည်ဟု မီးဘေးကာကွယ်ရေး ဗျူရိုက ပြောသည်။ သေဆုံးသူများမှာ မိသားစုနှစ်စုမှ ဖြစ်ကြပြီး မီးလောင်မှုဖြစ်ပွားသည့် နံနက် ၂ နာရီခန့်တွင် အိပ်ပျော်နေကြခြင်း ဖြစ်သည်။

မီးလောင်မှုဖြစ်ပွားသည့် နေအိမ်မှာ လေးထပ်အဆောက်အအုံဖြစ်သည်ဟု မနီလာမြို့ ခရိုင်မီးသတ်ဌာနမှ မီးသတ်သမားဖြစ်သူ ဆီဆာ ဘာဘန်တီက ပြောသည်။

မီးလောင်မှုကြောင့် အဆိုပါ အဆောက်အအုံ၏ ဒုတိယထပ်မှာ ပြိုကျသွားခဲ့ပြီး လူများပိတ်မိနေခဲ့သည်။ မီးလောင်မှု ဖြစ်ပွားရသည့်အကြောင်းကို စုံစမ်းနေကြဆဲဖြစ်သည်။ **ဆင်ဟွာ**

# တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးမှသည် လူငယ်ကဏ္ဍမြှင့်တင်ခြင်းနှင့်အတူ မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးဆီသို့

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံတည်ဆောက်ရာတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးသည် အဓိကကျသည့် အခန်းကဏ္ဍ၌ ပါဝင်လျက်ရှိသည်။ "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး" ဟူသည့် လူမှုရေးဦးတည်ချက်ကိုလည်း ချမှတ်ထားပါသည်။ လူတိုင်းသည် အသက်ရှည်ပြီး ကျန်းမာလိုသည့်ဆန္ဒရှိကြသည်။ ကျန်းမာမှ ပညာသင်ကြားခြင်း၊ အလုပ်လုပ်ကိုင်ခြင်းကိစ္စရပ်များအပြင် လူမှုရေးကိစ္စရပ်များကိုပါ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ လူတိုင်းကျန်းမာစွာ အသက်ရှင်နေထိုင်နိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ကလေးသူငယ်မှအစ သက်ကြီးရွယ်အိုများအထိ ကျန်းမာရေးကောင်းမွန်အောင် ဆောင်ရွက်ပေးရန်နှင့် ခန္ဓာကိုယ်ကြံ့ခိုင်ရေးအတွက် အားကစားလှုပ်ရှားမှုများကို ဆောင်ရွက်နိုင်ရန် ဖန်တီးပေးကြရမည်ဖြစ်သည်။

ရန်နိုင် ( အား/ ကာ)

### တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားကဏ္ဍတွင် မြှင့်တင်ဆောင်ရွက်သင့်

ကျန်းမာခြင်းသည် လူသားတိုင်းအတွက် အဖိုးထိုက်တန်သည့် လာဘ်ကြီးတစ်ပါး ဖြစ်ပါသည်။ "ကျန်းမာခြင်း" လာဘ်ကို ရယူနိုင်ရေးအတွက် ကျန်းမာစေသည့် အနေအထိုင်၊ အစားအသောက် အလေ့အကျင့်၊ အပြုအမူများကို ဂရုတစိုက် လိုက်နာကျင့်ကြံပြီး အားကစားလှုပ်ရှား ဆောင်ရွက်မှုများကို ပင်ကိုကျန်းမာရေးအသိဖြင့် လိုက်ပါဆောင်ရွက်မည်ဆိုပါက ပြည်သူများ အနာရောဂါကင်းရှင်းပြီး ကျန်းမာခြင်းသုခနှင့် ပြည့်စုံသည့်ဘဝများကို ပိုင်ဆိုင်နိုင်ကြမည်ဖြစ်ပါသည်။ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားကဏ္ဍမြှင့်တင် ဆောင်ရွက်နိုင်ရန် လူထုအားကစားလှုပ်ရှားမှုများ ဆောင်ရွက်ခြင်း၊ အားကစားနှင့် ပညာရေးပေါင်းစပ်ဆောင်ရွက်ခြင်း၊ အားကစားအထောက်အကူပြုပစ္စည်းများ ထားရှိပေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်သင့်ပါသည်။

လူထုအားကစားလှုပ်ရှားမှုများသည် ငွေကုန်ကြေးကျနည်းပြီး လူတိုင်းလွယ်ကူစွာ စုပေါင်းလေ့ကျင့်နိုင်သည့် ကိုယ်လက်လှုပ်ရှားမှုဖြစ်သည်။ လူထုအားကစားလှုပ်ရှားမှုကို ပြည်သူတစ်ရပ်လုံးက စိတ်ပါဝင်စားစွာဖြင့် ပါဝင်ဆင်နွှဲလာစေရန် လူထုစုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပေးခြင်း၊ ရုံးဌာနများ၊ စက်ရုံအလုပ်ရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များနှင့် သင်တန်းကျောင်းများတွင် ညနေပိုင်း စုပေါင်းကိုယ်လက်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ မြို့နယ်အလိုက် Physical Fitness Danceအဖွဲ့များ ဖွဲ့စည်း၍ကွင်းဆင်းစည်းရုံးခြင်းများ ဆောင်ရွက်သင့်ပါသည်။ လူထုအားကစားလှုပ်ရှားမှု အားကောင်းလာပါက တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာမည်ဖြစ်သည့်အပြင် မျိုးဆက်သစ် အားကစားသမားများကိုလည်း မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။ ယခင်က လူထုအားကစားလှုပ်ရှားမှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သည့်အတွက် အားကစားနည်းအလိုက် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ(IOC)၏ ခံယူချက်တွင်လည်း "အားကစားပြုလုပ်သူ ၁၀၀ ရှိလျှင် ထို ၁၀၀ ထဲမှ ၅၀ သည် အားကစားလိုက်စားသူများ ဖြစ်လာမည်။ ထို ၅၀ ထဲမှ ၂၀ သည် အားကစားကို ထူးထူးခြားခြား အာရုံစိုက်သူများဖြစ်လာမည်။ ထို ၂၀ ထဲမှ ငါးဦးသည် အားကစားထူးချွန်သူများ အဖြစ် ပေါ်ထွက်လာမည်" ဟု ဖော်ပြထားပါသည်။

ကျောင်းသားလူငယ်အရွယ်မှစတင်၍ ကျန်းမာကြံ့ခိုင်ရေးအတွက် ပညာသင်ယူခြင်းနှင့်အတူ အခြေခံအားကစားနည်းတစ်မျိုးမျိုးကို လေ့လာလိုက်စားစေခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ထက်မြက်သော လူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ရာ ပညာရေး၊ အားကစားနှင့်ကာယပညာပေါင်းစပ်သင်ကြားခြင်းကို ဆောင်ရွက်သင့်ပါသည်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။

အားကစားနှင့်ပညာရေးပေါင်းစပ်ခြင်း လုပ်ငန်းများ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားကစားနှင့်ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီကို ဖွဲ့စည်း၍ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များတွင်အားကစားကဏ္ဍကို ဘာသာရပ်တစ်ခုအဖြစ် ထည့်သွင်းသင်ကြားခြင်း၊ အားကစားနည်းပြ၊ အားကစားသရုပ်ပြနှင့် အားကစားမှူးများ လုံလောက်စွာ ထားရှိပေးခြင်း၊ အားကစားလေ့ကျင့်ရေး အထောက်အကူပစ္စည်းများ ပြည့်စုံစွာ ထောက်ပံ့ပေးခြင်း၊ အားကစားလေ့ကျင့်ချိန် သတ်မှတ်၍ ကြိုက်နှစ်သက်ရာ အားကစားနည်း တစ်ခုခုကို လေ့လာလိုက်စားစေခြင်းများကို ဆောင်ရွက်သင့်ပါသည်။

အားကစားအထောက်အကူပြု ပစ္စည်းများ လက်လှမ်းမီစွာ ထားရှိပေးခြင်းဖြင့် အားကစားကို ပြည်သူအများ လွယ်လင့်တကူ လှုပ်ရှားဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် Outdoor Fitness ပစ္စည်းများကဲ့သို့ အားကစားအထောက်အကူပြု ပစ္စည်းကိရိယာများကို အများပြည်သူ အပန်းဖြေ၊ အနားယူနိုင်သည့် နေရာများ၊ အားကစားကွင်း၊ အားကစားရုံ ပရဝဏ်များ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်ကောလိပ်များ၊ သင်တန်းကျောင်းများ၊ စက်ရုံ၊ အလုပ်ရုံများနှင့် လူစည်ကားရာ နေရာများတွင် ထားရှိပေးသင့်ပါသည်။ ထို့ပြင် ရပ်ကွက်၊ ကျေးရွာအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ရှိ အားကစားကွင်း၊ အားကစားရုံများတွင်လည်း အများပြည်သူများ အချိန်မရွေး လာရောက်လေ့ကျင့်ကစားနိုင်ရန် လိုအပ်သည့် အားကစားအထောက်အကူပြုပစ္စည်းများကိုလည်း ပြည့်စုံစွာထားရှိပေးသင့်ပါသည်။

လူသားတိုင်းအတွက် ကျန်းမာခြင်းသည် အဓိကလိုအပ်ချက်တစ်ခုဖြစ်ကြောင်း ကျန်းမာရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် အမြို့မြို့အနယ်နယ်ရှိ လူစည်ကားရာ နေရာများ၊ စာသင်ကျောင်းများနှင့် အားကစားကွင်း၊ အားကစားရုံများ အနီးပတ်ဝန်းကျင်၌ လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ ရေးသားထားသည့် ပညာပေးဆိုင်းဘုတ်များ စိုက်ထူပေးခြင်း၊ အားကစား အသိပညာ ဗဟုသုတပြန့်ပွားရေးနှင့် စိတ်ပါဝင်စားလာစေရေးအတွက် အားကစားဆိုင်ရာ ဟောပြောပွဲများနှင့် သရုပ်ပြပွဲများ ကျင်းပပြုလုပ်ပေးခြင်း၊ အားကစားဆိုင်ရာ လက်ကမ်းစာစောင်များ၊ စာအုပ်စာတမ်းများ ထုတ်ဝေဖြန့်ချီပေးခြင်း အားကစားပညာပေး ပြန်ကြားရေးအစီအစဉ်အဖြစ် Social Media များတွင် အားကစားနည်းတစ်ခုချင်း၏ နည်းစနစ်များ၊ ဥပဒေများ၊ အားကစားပြိုင်ပွဲများ၊ အားကစားလေ့ကျင့်မှုများ၊ ကိုယ်လက်လှုပ်ရှား ဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများ အပါအဝင် အားကစားလှုပ်ရှားဆောင်ရွက်နေမှု အခြေအနေများကို လွှင့်တင်ထားရှိခြင်းများ ဆောင်ရွက်သင့်ပါသည်။

### နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေး ဆောင်ရွက်သင့်သည့်အချက်များ

နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိပြီး နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်ဆောင်ရွက်နိုင်ရန် နိုင်ငံတစ်နိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း၊ လူငယ်မျိုးဆက်သစ်ကစားသမားများ မွေးထုတ်ပေးနိုင်ခြင်း၊ စနစ်တကျ ပြုစုပျိုးထောင်လေ့ကျင့်ပေးခြင်း၊ အားကစားကွင်း၊ အားကစားရုံနှင့် အားကစားအထောက်အကူပြု ပစ္စည်းများပြည့်စုံစွာ ဖြည့်ဆည်းပေးခြင်း၊အားကစား ဆေးပညာနှင့် အားကစားစိတ်ပညာရှင်များ၏ ကူညီပံ့ပိုးမှု၊ ထိရောက်သည့် အားကစားသုတေသန လုပ်ငန်းနှင့် အုပ်ချုပ်ထောက်ပံ့ပေးနိုင်မှုများအပေါ် မူတည်လျက်ရှိပါသည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံ၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားမှုကို အထောက်အကူပေးနိုင်သည့် အဓိက စွမ်းအားတစ်ရပ်ဖြစ်သည်ဟု ထင်မြင်မိပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်းသည် အားကစားကဏ္ဍ အောင်မြင်တိုးတက်မှုဆီသို့ ရုတ်တရက် ချက်ချင်းဦးတည်သွားခြင်းမျိုးမဟုတ်ဘဲ မျိုးဆက်သစ်ကစားသမားများ မွေးထုတ်ပေးနိုင်မှု၊ စနစ်တကျ ပြုစုပျိုးထောင်ပေးမှု၊ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများနှင့်အတူ အချိန်ကာလ လိုအပ်ချက်တို့အပေါ်၌ မူတည်လျက်ရှိသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနည်းပါးသည့် နိုင်ငံများရှိ လူငယ်၊ လူရွယ်အများစုသည် ဝါသနာထက် စားဝတ်နေရေးကိုသာ အဓိကဖြေရှင်းဆောင်ရွက်နေကြရသည့်အတွက်ထိုနိုင်ငံ၏အားကစားလောကတွင် မျိုးဆက်သစ်ကစားသမားရှားပါးခြင်း အခက်အခဲများနှင့် ကြုံတွေ့နေရသကဲ့သို့ ငွေကိုအရင်းတည်ပြီး ဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်း ပံ့ပိုးဖြည့်ဆည်းပေးနိုင်မှု အားနည်းသွားနိုင်ပါသည်။ သို့ဖြစ်၍ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရင်းခံ၍ ဆောင်ရွက်သွားနိုင်မှသာ ပိုမိုလွယ်ကူမြန်ဆန်နိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံရေး၊ လူမှုရေးအပါအဝင် အခြားကဏ္ဍအသီးသီး၌ပါ ဆက်တိုက်အောင်မြင် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်သည်ဟု မှတ်သားဖူးပါသည်။

နိုင်ငံတကာအားကစား ပြိုင်ပွဲများ၌ အောင်မြင်မှုရရှိခြင်း၏ အခြေခံလိုအပ်ချက်တစ်ခုသည် အားကစားနည်းအလိုက် မျိုးဆက်သစ်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်မှုပင်ဖြစ်ပါသည်။ အားကစားနည်းများအလိုက် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် ရပ်ကွက်၊ ကျေးရွာအဆင့် အားကစား ပြိုင်ပွဲများ၊ မြို့နယ်ပေါင်းစုံ၊ ခရိုင်ပေါင်းစုံ အားကစားပြိုင်ပွဲများ၊ ဒေသတွင်း ဖိတ်ခေါ်ပြိုင်ပွဲများ၊ သက်တမ်းအလိုက် ကလပ်ပေါင်းစုံ အားကစားပြိုင်ပွဲများ၊ အလွတ်တန်း ဖိတ်ခေါ်အားကစားပြိုင်ပွဲများ ကျင်းပဆောင်ရွက်ပေးခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားအားကစားပြိုင်ပွဲများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများ၊ တံခွန်စိုက်အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်း၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တောင်သူလယ်သမားနေ့နှင့် အလုပ်သမားနေ့များတွင် အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်း၊ အခြေခံပညာကျောင်းပေါင်းစုံပြိုင်ပွဲများနှင့် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းများ ဆောင်ရွက်သင့်ပါသည်။ ထို့ပြင် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်နှင့် ကောလိပ်များတွင် အားကစားနည်းအလိုက် အားကစားအခြေခံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ မြို့နယ်တိုင်းတွင် အားကစားကလပ်များ ဖွဲ့စည်းထူထောင်ပေးပြီး စနစ်တကျ သင်ကြားလေ့ကျင့်ပေးခြင်းများ စနစ်တကျ စီမံဆောင်ရွက်သင့်ပါသည်။

အလားအလာရှိသည့် အားကစားသမားများကို စနစ်တကျ ပြုစုပျိုးထောင်ပေးမှသာ အရည်အချင်းပြည့်ဝသည့် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာနိုင်မည်ဖြစ်သည့်အတွက် အလားအလာရှိသည့် မျိုးဆက်သစ် အားကစားသမားများကို အားကစားသိပ္ပံကျောင်း

စာမျက်နှာ ၁၇ သို့

*စာမျက်နှာ ၁၆ မှ*

များနှင့် အားကစားအကယ်ဒမီများတွင် ကျွမ်းကျင်သည့် နည်းပြများက သက်ဆိုင်ရာအားကစားနည်းများအလိုက် ခေတ်မီနည်းစနစ်များဖြင့် စနစ်တကျ လေ့ကျင့်သင်ကြားပေးခြင်း၊ နည်းဗျူဟာများ၊ အားကစားလေ့ကျင့်ရေး သဘောတရားများအား စာတွေ့၊ လက်တွေ့သင်ကြားပေးခြင်း၊ အားကစားနည်းအလိုက် သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများကို တိကျစွာ လိုက်နာတတ်စေရန် စနစ်တကျ သင်ကြားပေးခြင်းများ ဆောင်ရွက်သင့်ပါသည်။ ထို့ပြင် အားကစားနည်းအလိုက် တိုးတက်သည့် နိုင်ငံများသို့ ပူးတွဲလေ့ကျင့်မှုစေလွှတ်ခြင်း၊ နိုင်ငံတကာအားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်စေခြင်း၊ နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပပေးခြင်း၊ လက်ရည်စစ်ပြိုင်ပွဲများ၊ ခြေစမ်းပွဲများ အဆက်မပြတ် ကျင်းပပြုလုပ်ပေးခြင်းများ ဆောင်ရွက်သင့်ပါသည်။

အားကစားကွင်း၊ အားကစားရုံများ တည်ဆောက်ပေးခြင်းနှင့်အားကစား အထောက်အကူပြုပစ္စည်းများ ပြည့်စုံစွာ ထားရှိပေးခြင်းသည်လည်း ပြိုင်ပွဲများ ကျင်းပပြီး မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ရန် များစွာအထောက်အကူပြုသည့်အတွက် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ သင်တန်းကျောင်းများတွင် အားကစားကွင်း၊ အားကစားရုံများ တည်ဆောက်ပေးခြင်းနှင့် အားကစားအထောက်အကူပြုပစ္စည်းများ ပြည့်စုံစွာထားရှိပေးခြင်း၊ ရပ်ကွက်၊ ကျေးရွာများ အပါအဝင် မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း အားကစားကွင်း၊ အားကစားရုံများ ဆောက်လုပ်ပေးခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လိုအပ်သည့် အားကစားအထောက်အကူပြုပစ္စည်းများ ပြည့်စုံစွာ ထားရှိခြင်းများ ဆောင်ရွက်သင့်ပါသည်။

ထူးချွန်ထက်မြက်သည့် အားကစားသမားကောင်းတစ်ဦးဖြစ်လာရန် အားကစားဆေးပညာနှင့် အားကစားစိတ်ပညာသည်လည်း မရှိမဖြစ်လိုအပ်ပါသည်။ အားကစားဆေးပညာရပ်ဆိုင်ရာ အာဟာရပညာရှင်များက ကစားသမားများကို အားကစားနည်းအလိုက် လိုအပ်သည့် ကယ်လိုရီပြည့်ဝအောင် ကျွေးမွေးမှု ရှိ မရှိ စစ်ဆေးအကြံပြုခြင်း၊ ပုံမှန်ကျန်းမာရေးစစ်ဆေးခြင်း၊ ထိခိုက်ဒဏ်ရာရရှိမှု မဖြစ်စေရန် ကြိုတင်ကာကွယ်ခြင်း၊ တားမြစ်ဆေးဝါးသုံးစွဲမှု ရှိ မရှိ စစ်ဆေးခြင်းနှင့် ပညာပေးခြင်းများအပြင် ပြိုင်ပွဲအတွက် ကြိုပြင်ဆင်စားသောက်မှု၊ ပြိုင်ပွဲအတွင်းအင်အားဖြည့်တင်းမှု၊ ပြိုင်ပွဲအပြီး အာဟာရ ပြန်လည်ဖြည့်တင်းမှုများကိုလည်း အကြံပြုဆောင်ရွက်ပေးသင့်ပါသည်။ အားကစားသမားများ၏ စိတ်ပိုင်းဆိုင်ရာအရည်အသွေး တိုးတက်မြင့်မားလာစေရေးအတွက်လည်း အားကစားစိတ်ပညာရှင်များနှင့် တွေ့ဆုံမေးမြန်းခြင်းနှင့် အကဲဖြတ်ခြင်း၊ ကစားသမားတစ်ဦးချင်းစီ၏ စိတ်ခံစားမှုများကို ဖော်ထုတ်ပြီးလိုအပ်ချက်များကို အကြံပြုတင်ပြခြင်း၊ ကူညီပံ့ပိုးဖြေရှင်းခြင်းများ ဆောင်ရွက်ပေးသင့်ပါသည်။

အားကစားသမားများ၏ စွမ်းရည်ကို မြှင့်တင်ပေးနိုင်ရန်နှင့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုများ ရရှိနိုင်စေရန် အားကစားသုတေသနလုပ်ငန်းများသည်လည်း လိုအပ်ချက်တစ်ခုဖြစ်ပါသည်။ နိုင်ငံတကာ ခေတ်မီအားကစားနည်းစနစ်များဖြင့် လေ့ကျင့်သင်ကြားနိုင်ရန် ထောက်ပံ့ကူညီပေးခြင်း၊ အားကစားဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းပေးခြင်း၊ အားကစားနည်းအလိုက် နည်းစနစ်၊ နည်းဥပဒေများ တတ်ကျွမ်းနားလည်စေရန် ကူညီဆောင်ရွက်ပေးခြင်း၊ အားကစားနည်းအလိုက် နိုင်ငံတကာ စံချိန်၊ စံညွှန်းများအား စနစ်တကျပြုစုထားရှိခြင်း၊ ပြိုင်ဘက်အားကစားသမားများ၏ အားနည်းချက်၊ အားသာချက်အခြေအနေများ သိရှိရန်ဆောင်ရွက်ခြင်း၊ လေ့ကျင့်ရေးအစီအစဉ်များနှင့် ပတ်သက်၍ အကြံပြုတင်ပြခြင်း၊ ခေတ်နှင့်အညီ နည်းပြလက်စွဲစာအုပ်များ ထုတ်ဝေခြင်း၊ အားကစားသုတေသနလက်စွဲစာအုပ်များ ထုတ်ဝေခြင်းနှင့် အားကစားသုတေသနစာကြည့်တိုက် ဖွင့်လှစ်ထားရှိခြင်း စသည့် အားကစားသုတေသနလုပ်ငန်းများကို ဆောင်ရွက်သင့်ပါသည်။

အားကစားကဏ္ဍမြှင့်တင်၍ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိနိုင်ရန် ကောင်းမွန်သည့် အုပ်ချုပ်ထောက်ပံ့မှုများလည်း လိုအပ်ပါသည်။ သက်ဆိုင်ရာ အားကစားနည်းအလိုက် ဖွဲ့စည်းထားသည့် အုပ်ချုပ်မှုအဖွဲ့အစည်းများ၊ အားကစားအဖွဲ့ချုပ်များက လူရွေးချယ်ရေးစီမံချက်၊ လေ့ကျင့်ရေးစီမံချက်၊ အောင်နိုင်ရေးစီမံချက်များ ရေးဆွဲ၍ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရန် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ထိရောက်သည့် လေ့ကျင့်မှုများဖြစ်စေရန် စစ်ဆေးကြပ်မတ်ခြင်း၊ နည်းပြနှင့် ကစားသမားများ စည်းကမ်းကောင်းမွန်ရေး၊ နေထိုင်စားသောက်ရေး၊ သွားလာရေး၊ ကျန်းမာရေး၊ စိတ်အပန်းဖြေရေး၊ သက်သာချောင်ချိရေးများကို ဆောင်ရွက်ပေးခြင်း၊ အောင်ပွဲရအားကစားသမားများကို ထိုက်တန်သည့် ဆုကြေးငွေများ ပေးအပ်ချီးမြှင့်ခြင်း၊ အလုပ်နေရာခန့်ထားပေးခြင်း၊ နိုင်ငံတကာ အားကစားအစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ နိုင်ငံတကာ အားကစားသင်တန်းများသို့ စေလွှတ်ခြင်း၊ နိုင်ငံတကာအားကစားတက္ကသိုလ်များသို့ အရည်အချင်းပြည့်မီသည့် လူငယ်များကို ပညာတော်သင်စေလွှတ်ခြင်း၊ နိုင်ငံတကာအဆင့်မီနည်းပြများ ခေါ်ယူငှားရမ်းအသုံးပြုခြင်း၊ အားကစားနည်းအလိုက် ကျွမ်းကျင်သည့် နည်းပြများ၊ ဒိုင်များပေါ်ထွက်လာရေးအတွက် ပြည်တွင်းသင်တန်းများ ဖွင့်လှစ်ခြင်း၊ ပြည်ပသင်တန်းများသို့ စေလွှတ်ခြင်းများအပြင် အားကစားဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများမှ နည်းပညာနှင့် အကူအညီများရယူ၍ အားကစားတက္ကသိုလ် ဖွင့်လှစ်သင်ကြားခြင်းများ ဆောင်ရွက်သင့်ပါသည်။ ထို့ပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ် တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် လူငယ်များကို ဗလငါးတန်နှင့်ပြည့်စုံလာစေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်သည်။

**“ အားကစားဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းပေးခြင်း၊ အားကစားနည်းအလိုက် နည်းစနစ်၊ နည်းဥပဒေများ တတ်ကျွမ်းနားလည်စေရန် ကူညီဆောင်ရွက်ပေးခြင်း၊ အားကစားနည်းအလိုက် နိုင်ငံတကာ စံချိန်၊ စံညွှန်းများအား စနစ်တကျပြုစုထားရှိခြင်း၊ ပြိုင်ဘက်အားကစားသမားများ၏ အားနည်းချက်၊ အားသာချက်အခြေအနေများ သိရှိရန်ဆောင်ရွက်ခြင်း၊ လေ့ကျင့်ရေးအစီအစဉ်များနှင့် ပတ်သက်၍ အကြံပြုတင်ပြခြင်း၊ ခေတ်နှင့်အညီ နည်းပြလက်စွဲစာအုပ်များ ထုတ်ဝေခြင်း၊ အားကစားသုတေသနလက်စွဲစာအုပ်များ ထုတ်ဝေခြင်းနှင့် အားကစားသုတေသနစာကြည့်တိုက် ဖွင့်လှစ်ထားရှိခြင်း စသည့် အားကစားသုတေသနလုပ်ငန်းများကို ဆောင်ရွက်သင့် ”**

**ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များ ဖြစ်လာစေရန် မြှင့်တင်ဆောင်ရွက်သင့်သည့်အချက်များ**

ယနေ့လူငယ်များသည် နောင်တစ်ခေတ်အတွက် လူကြီးများဖြစ်လာမည်။ ယနေ့လူငယ်များ အသိပညာ၊ အတတ်ပညာ တိုးတက်ထူးချွန်ပါမှ ထိုလူငယ်များ လူကြီးဖြစ်လာသည့်အနာဂတ်ကာလတွင် တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ သို့ဖြစ်၍ အနာဂတ်ကို လက်ဆင့်ကမ်းမည့် မျိုးဆက်သစ်လူငယ်များ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသည့် ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များဖြစ်လာစေရန် စနစ်တကျ ပြုစုပျိုးထောင်ပေးပြီး လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စာသင်ကျောင်းများမှ စတင်ရမည်ဖြစ်ပါသည်။ အသက် သုံးနှစ်မှ ငါးနှစ်အထိ မူကြိုအရွယ်တွင် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ငါးရပ်ဖြစ်သည့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ ပေါင်းသင်းဆက်ဆံရေးနှင့် စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အပြည့်အဝရရှိအောင် မူလတန်းကြိုကျောင်းများက လေ့ကျင့်သင်ကြားပေးခြင်းဖြင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်မှုအတွက် မျိုးစေ့ချပေးသင့်ပါသည်။

ကာယဗလ – ကိုယ်၏စွမ်းအားနှင့် ပြည့်စုံသည့် လူငယ်များ မွေးထုတ်နိုင်ရန်အတွက် ကလေးတစ်ယောက် သန္ဓေတည်ကတည်းက ကြီးထွားဖွံ့ဖြိုးမှုကိုရရှိရန် ကိုယ်ဝန်ဆောင်မိခင်များသည် အာဟာရပြည့်ဝအောင် စားသောက်ခြင်း၊ နေထိုင်သွားလာမှု ဂရုစိုက်ခြင်းနှင့် လိုအပ်သည့် ကာကွယ်ဆေးများထိုးနှံခြင်း စသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို အပြည့်အဝ ခံယူရမည်ဖြစ်ပါသည်။ ကလေးသန္ဓေတည်သည့် အချိန်မှစ၍ ဆယ်ကျော်သက်အရွယ်အထိ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းဖြင့် ကလေးများ ကျန်းမာပျော်ရွှင်စွာ အရွယ်ရောက်လာမည်ဖြစ်သည်။ ကျောင်းနေသည့် အရွယ်တွင်လည်း အခြေခံပညာကျောင်းများမှစတင်၍ ပညာသင်ကြားခြင်းနှင့်အတူ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပြုလုပ်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ အားကစားနည်း တစ်မျိုးမျိုးကို လေ့လာလိုက်စားနိုင်အောင် စီစဉ်ပေးစေခြင်း၊ အားကစားနည်းအလိုက် အခြေခံများကို စနစ်တကျ သင်ကြားပြသပေးခြင်း၊ အားကစားနည်းအလိုက် သင်တန်းများဖွင့်လှစ်ပေးခြင်း၊ အားကစားသရုပ်ပြပွဲများ၊ ကျောင်းသား အားကစားပွဲများ ကျင်းပပေးခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။

လူငယ်များအနေဖြင့် ကာယဗလနှင့်ပြည့်စုံရန် လိုအပ်သကဲ့သို့ ဉာဏ်၏စွမ်းအားဖြစ်သည့် ဉာဏဗလဖွံ့ဖြိုးတိုးတက်ရန်လည်း လိုအပ်ပါသည်။ ဉာဏဗလနှင့်ပြည့်စုံသော လူငယ်များ မွေးထုတ်နိုင်ရန်အတွက် ပထမအရွယ်တွင် ပညာကို အပတ်တကုတ်ဆည်းပူးနိုင်အောင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးနှင့် အနိမ့်ဆုံးအဆင့် KG+9 အဆင့်ပြီးမြောက်အောင်မြင်အောင် စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ပညာစွမ်းရည်မြင့်မားတိုးတက်အောင် ဆောင်ရွက်ရာတွင် အတန်းပညာများ မြင့်မားတိုးတက်အောင် ဆောင်ရွက်ခြင်းသာမက ငယ်စဉ်ဘဝကတည်းက မှန်ကန်သည့် အသိအမြင်၊ အတွေးအခေါ်နှင့် ဉာဏ်ပညာ စသည့် အခြေခံစိတ်ဓာတ်ကောင်းများ ကိန်းအောင်းလာစေရန် စာအုပ်စာပေများ ဖတ်ရှုလေ့လာနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခြင်း၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များ ပြုစုပျိုးထောင်မွေးထုတ်နိုင်ရန် လူငယ်စကားဝိုင်းများ၊ လူငယ်တွေ့ဆုံပွဲများ၊ အသိပညာပေး ဟောပြောပွဲများ၊ ပြိုင်ပွဲများနှင့် အသိပညာဗဟုသုတမျှဝေခြင်းများကို ဆောင်ရွက်ပေးသင့်ပါသည်။

လူငယ်များသည် ကာယဗလ၊ ဉာဏဗလနှင့် ပြည့်စုံရုံသာမက စာရိတ္တဗလ – ကိုယ်ကျင့်တရားကောင်းမွန်သူများ ဖြစ်လာရန်လည်း အရေးကြီးပါသည်။ နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ ယဉ်ကျေးမှုအဆင့်အတန်းသည် လူငယ်များ၏ အကျင့်စာရိတ္တနှင့် စိတ်ပိုင်းဆိုင်ရာအမြင်များဖြင့် ကိုယ်စားပြုဖော်ပြခြင်းဖြစ်ရာ မျိုးဆက်သစ်လူငယ်များ အကျင့်စာရိတ္တမြင့်မားရေး၊ ကိုယ်ကျင့်တရားကောင်းမွန်စေရေး၊ လူ့ကျင့်ဝတ် လူ့တန်ဖိုးကို အလေးထား၍ စိတ်ဓာတ် စည်းကမ်း ကောင်းမွန်လာစေရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရေး၊ အများအကျိုးဆောင်ရွက်လိုသည့် ပရဟိတစိတ်များ ဖွံ့ဖြိုးလာစေရေးတို့အတွက် စာသင်ကျောင်းများတွင် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ကို စနစ်တကျ သင်ကြားပို့ချပေးခြင်းများ ဆောင်ရွက်သင့်သကဲ့သို့ ကျင့်ဝတ်၊ နီတိဆိုင်ရာ အသိပညာပေး ဟောပြောပွဲများလည်း ကျင်းပပေးသင့်ပါသည်။

ထို့ပြင် မိတ္တဗလ– မိတ်ကောင်းရှိခြင်း၏ စွမ်းအားနှင့် ပြည့်စုံမှုရှိခြင်းသည်လည်း လူငယ်များ၏ အောင်မြင်တိုးတက်ရေးကို အထောက်အကူပြုနိုင်သည်ဖြစ်ရာ အခြေခံကျောင်းများမှစတင်၍ ဆရာ ဆရာမများက လူငယ်များကို ပူးပေါင်းဆောင်ရွက်တတ်ရန်၊ သူငယ်ချင်းအပေါင်းအသင်းများနှင့် သဟဇာတဖြစ်စွာနေထိုင်တတ်ရန်၊ အခက်အခဲ စိန်ခေါ်မှုပြဿနာများကို ပူးပေါင်းဖြေရှင်းတတ်ရန်၊ စေတနာ့ဝန်ထမ်းနှင့် လူမှုရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်တတ်စေရန် လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်သဖြင့် ကျပန်းစကားပြောပွဲများ၊ စကားရည်လုပွဲများ၊ အားကစားပြိုင်ပွဲများ၊ လူငယ်စကားဝိုင်းများ ကျင်းပပြုလုပ်ပေးခြင်း၊ လူရည်ချွန်လူငယ်၊ ကင်းထောက်လူငယ်၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်နှင့် ကြက်ခြေနီလူငယ်များကို ပြုစုပျိုးထောင်ပေးခြင်းများ ဆောင်ရွက်သင့်ပါသည်။

ဘောဂဗလ ဟူသည့် ဥစ္စာပေါများခြင်း၏ စွမ်းအားနှင့် ပြည့်စုံစေရန်အတွက် လူငယ်များသည် ငွေအကြောင်း၊ ငွေ၏ တန်ဖိုးကို သိရမည်။ ငွေကို စီမံခန့်ခွဲတတ်ရမည်။ ငွေကို စုဆောင်းတတ်ရမည်။ ဘောဂဗလနှင့် ပြည့်စုံသည့် လူငယ်များ ဖြစ်လာစေရန်အတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသိပညာများ၊ ငွေကြေးဆိုင်ရာ အခြေခံအသိပညာများ၊ စီးပွားရေးဆိုင်ရာ အခြေခံအသိပညာများ၊ စွန့်ဦးစီးပွားဆိုင်ရာ အခြေခံအသိပညာများကို အခြေခံပညာအလယ်တန်းအဆင့် သင်ခန်းစာများတွင် ထည့်သွင်းသင်ကြားပေးသင့်ပါသည်။ ထို့ပြင် စီးပွားရေးအသိပညာ ဖြန့်ဝေသည့် ဟောပြောပွဲ၊ ဆွေးနွေးပွဲများ ကျင်းပပေးခြင်း၊ စွန့်ဦးတီထွင်ဖန်တီးသူများကို မြေတောင်မြှောက်ပေးခြင်း၊ လေ့ကျင့်ပေးခြင်း၊ ထောက်ပံ့ကူညီခြင်း၊ အလယ်တန်း၊ အထက်တန်းအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာရပ်များကို သင်ကြားနိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊ အောင်မြင်သည့် စီးပွားရေးလုပ်ငန်းရှင်များက တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းများတွင် ဟောပြောပေးခြင်းများ ဆောင်ရွက်သင့်ပါသည်။ ကျောင်းဆရာ ဆရာမများသည် လူငယ်များကို ပညာသင်ကြားပေးရုံသာမက အတွေးအမြင် လှပအောင်၊ အကောင်းအဆိုး၊ အမှားအမှန် ခွဲခြားဝေဖန်တတ်အောင်၊ လိမ္မာယဉ်ကျေးအောင်၊ စည်းကမ်းတကျနေတတ်အောင် ပထမဆုံးပန္နက်ချ လေ့ကျင့်ပြုစုပျိုးထောင်ပေးရသူများ ဖြစ်သည့်အတွက် ဆရာဆရာမများ၏ အခန်းကဏ္ဍကိုလည်း မြှင့်တင်ပေးသင့်ပါသည်။

ပြည်သူလူထုတစ်ရပ်လုံးက မိမိတို့၏ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားတစ်ခုခုကို စိတ်ပါဝင်စားစွာ ဆောင်ရွက်လာသည်နှင့်အမျှ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာ ကြံ့ခိုင်လာမည်ဖြစ်သည်။ ထို့အတူ နိုင်ငံအတွင်း ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်အများအပြား မွေးထုတ်ပေးနိုင်မည်ဆိုပါက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍအပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဟု ယုံကြည်မိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## ရန်ကုန်တိုင်းဒေသကြီး ၁၄ ခရိုင်အတွင်းရှိ သက်ကြီးပုဂ္ဂိုလ်များ သွားကျန်းမာရေး အခမဲ့စစ်ဆေးကုသပေး

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ၁၄ ခရိုင် ၄၄ မြို့နယ်အတွင်းရှိ သက်ကြီးပုဂ္ဂိုလ်များအား သွားကျန်းမာရေး အခမဲ့စစ်ဆေးကုသမှုကို ဒီဇင်ဘာ ၆ ရက်က ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ်ရှိ သာကေတ အထူးကုဆေးရုံ (ခုတင် ၁၀၀)၌ စမ်းသပ်စစ်ဆေး ကုသမှုများ ဆောင်ရွက်ပေးသည်။



အဆိုပါ သက်ကြီးပုဂ္ဂိုလ်များအား ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာန တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာကွန်စတန် (လက်ထောက်ညွှန်ကြားရေးမှူး)၊ သာကေတ အထူးကုဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာ အိန္ဒယ်နီ၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ခင်သီတာဦးအပါအဝင် ဆရာဝန်၊ သူနာပြု ၅၇ ဦး၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များဖြင့် သက်ကြီးပုဂ္ဂိုလ်များအတွက် သွားကျန်းမာရေး စစ်ဆေး ကုသပေးခြင်းကို ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခင်ဝင်း(ပြန်/ဆက်)



## မော်လမြိုင်ကျွန်းမြို့နယ်၌ ရေဆင်းစပ်မျိုး(၁) နေကြာ ငါးကေ စံပြစိုက်ခင်း စိုက်ပျိုး

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ဝဲဒေါင့်ကျေးရွာ၌ ရေဆင်းစပ်မျိုး (၁) နေကြာ စံပြကွက် ငါးကေ စိုက်ပျိုးပွဲကို တောင်သူ ဦးမြင့်ဇော် လယ်မြေ၌ ဒီဇင်ဘာ ၆ ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်နုက ဆောင်းနေကြာစိုက်ပျိုးရာ၌ သတ်မှတ်ဧက အထွက်တိုးပြီး ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် အဖွဲ့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ သမဝါယမ အသင်းသား၊ တောင်သူများက ဆောင်းနေကြာ ရေဆင်းစပ်မျိုး(၁) နေကြာကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျိုက်လတ်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် သရုပ်ပြသခြင်းများဆောင်ရွက်

**ကျိုက်လတ် ဒီဇင်ဘာ ၇**

ဧရာဝတီ တိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ မီးဘေး ကြိုတင်ကာကွယ်ရေးဟောပြောခြင်းနှင့် သရုပ်ပြသခြင်းများကို ဒီဇင်ဘာ ၅ ရက်က အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ပတ္တမြားရတုခန်းမ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်လင်းက မြို့နယ်အတွင်းရှိ ကျောင်းများ၊ ဈေးများ၊ နေအိမ်များတွင် မီးဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည့် အချက်များကို ရှင်းလင်းပြောကြားပြီး မီးဘေး ကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ဆက်လက်၍ မြို့နယ်မီးသတ် ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး အသုံးပြုပုံကို ရှင်းလင်းပြောကြားပြီး လက်တွေ့မီးငြိမ်းသတ်မှုများကို သရုပ်ပြလေ့ကျင့်ခဲ့ရာ ကျောင်းသားကျောင်းသူများက ပူးပေါင်းပါဝင် ဆောင်ရွက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မိတ္ထီလာမြို့နယ် ကဖြူကျေးရွာ၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၆ ရက်က ကဖြူကျေးရွာ တောင်သူ ဦးလင်းလင်း၏ မိုးစပါး (မျော်ဘီကောက်ညှင်း) စိုက်ဧက ငါးဧကတွင် ရိတ်သိမ်းသည်။



မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုး၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှု အားပေးသည်။

အဆိုပါ အခမ်းအနားတွင် မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာလင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်အေးတို့က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မိုးစပါးများ စိုက်ပျိုးထားရှိမှု အခြေအနေကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကဖြူကျေးရွာရှိ တောင်သူ ဦးလင်းလင်း၏ စိုက်ဧက ငါးဧကရှိ ကောင်းအဆင့် အလွှာ မိုးစပါးကို ရိတ်သိမ်းခဲ့ရာ တစ်ဧက စပါးတင်း(အစို) ၁၁၀ ဒသမ ၆၂ တင်း ထွက်ရှိကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)



## ငပုတောမြို့ မြို့မဈေးအတွင်း မီးဘေးအန္တရာယ် ဖြစ်ပွားမှုမရှိစေရေး လက်တွေ့သရုပ်ပြလေ့ကျင့်

**ငပုတော ဒီဇင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများတွင် မီးဘေးအန္တရာယ်ဖြစ်ပွားမှုမရှိစေရေး မီးဘေးကြိုတင် ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၅ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အမှာစကား ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းအောင်က မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရမည့်အချက်များ၊ မီးသတ်ဆေးဘူး အသုံးပြုပုံများကို ရှင်းလင်းပြောကြားပြီး မီးဘေး အန္တရာယ်ဖြစ်ပွားမှုမရှိစေရေး လက်တွေ့သရုပ်ပြလေ့ကျင့်ရာ မြို့မဈေးအတွင်း ဆီမီးလောင်မှုကို အောက်ဆီဂျင်ဖြတ်တောက် မီးငြိမ်းသတ်နည်းနှင့် မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်းတို့ကို လက်တွေ့ သရုပ်ပြလေ့ကျင့်ခဲ့ကြပြီး ဈေးသူ ဈေးသားများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## သာပေါင်းမြို့နယ်အတွင်း ငါးသယံဇာတထိန်းသိမ်းရေး ငါးမျိုးစိုက်ထည့်

**သာပေါင်း ဒီဇင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် အင်းချောင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၆ ရက်က သာပေါင်းမြို့နယ် အုပ်ရှစ်ကျေးရွာအုပ်စု ငါးဖယ်အောင်းပိုင်းအင်း အုပ်ရှစ်ချောင်းမရေပြင်ကျယ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းရောထိုက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အင်းသားကြီးများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ငါးဖယ်အောင်းပိုင်းအင်းအတွင်းသို့ နှစ်လက်မ



အရွယ် ငါးမြစ်ချင်းသားပေါက် ကောင်ရေ တစ်သိန်းနှင့် ထိုင်းငါးခုံးမကြီးသားပေါက် တစ်သိန်းတို့ကို စိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သာစည်မြို့နယ်၌ သဘာဝဘေးရေကြီးနစ်မြုပ်မှုကြောင့် ဆုံးရှုံးခဲ့သည့်တိရစ္ဆာန်များ ပြန်လည်ထောက်ပံ့

**သာစည် ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မောင်းမဆည်ကျေးရွာ၌ ဒီဇင်ဘာ ၄ ရက်က ရာဂီမုန်တိုင်း သဘာဝဘေးကြောင့် ရေကြီးနစ်မြုပ်ပြီး ဆုံးရှုံးခဲ့သည့် တိရစ္ဆာန် (နွား၊ ဆိတ်၊ ဝက်)များကို ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးက အမှာစကား ပြောကြားပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာအောင်ထွန်းက ထောက်ပံ့ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းသည်။

ထို့နောက် ခရိုင်နှင့် မြို့နယ်အဆင့် တိရစ္ဆာန်ထောက်ပံ့ရေး လုပ်ငန်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ကျေးရွာအဆင့် တိရစ္ဆာန်ထောက်ပံ့ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဝင်များက တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးခဲ့သည့် ကျေးရွာပြည်သူများထံ နွားနှင့် ဆိတ်များကို လက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မြန်မာနိုင်ငံ စက်ဘီးအားကစားအဖွဲ့ချုပ်၏ လမ်းကြမ်းစီးစက်ဘီး နည်းပြသင်တန်းဆင်း

ရန်ကုန် ဒီဇင်ဘာ ၇



အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနတို့၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၊ ကမ္ဘာ့စက်ဘီးအဖွဲ့ချုပ် Union Cycliste Internationale (UCI) နှင့် Myan Shwe Pyi Tractors Limited တို့ပူးပေါင်းကျင်းပပြုလုပ်သည့် (UCI) Level (2)Mountain Bike Coach Training သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏအားကစားဝင်းရှိ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်၊ In- door Cycling Center ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးခင်မောင်ဝင်းက နည်းပြများအနေဖြင့် စဉ်ဆက်မပြတ် လေ့လာသင်ယူကြရန်နှင့် မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမားကောင်းများ မွေးထုတ်ပေးရန်၊ နည်းပြများအနေဖြင့် ဆွစ်ဇာလန်နိုင်ငံတွင် Level 3 ဒီပလိုမာ ဆက်လက်သင်ယူပြီး အမျိုးသားအဆင့် နည်းပြများဖြစ်လာရန် မှော်လင့်ကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့စက်ဘီးအဖွဲ့ချုပ်မှ နည်းစနစ်ကျွမ်းကျင်သူ စင်ကာပူနိုင်ငံမှ Mr.Christian က သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်ပေးအပ်ပြီး ဥက္ကဋ္ဌနှင့် Mr. Christian တို့က အမှတ်တရ လက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

ယင်းသင်တန်းသို့ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ အမျိုးသား၊ အမျိုးသမီး စက်ဘီးအားကစားသမားများ၊ လက်ရွေးစင်များ သင်တန်းသား သင်တန်းသူ ၁၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။ **အာကာစိုး**






သန်လျင်ခရိုင် ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၇ ရက်က ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရှေ့မှ စတင်ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းနှင့် ဇနီး၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများပျော်ရွှင်စွာ ပါဝင်ဆင်နွှဲစဉ်။ သန်းဝင်း (သန်လျင်)

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် ဒီဇင်ဘာ (ပထမပတ်) အားကစား လလူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၇ ရက်က ကျင်းပရာ မှော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မှော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည့်ဖြိုးမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုပေါင်းလမ်းလျှောက်စဉ်။

ကောင်းမြတ်သူ(မှော်ဘီ)




■ *ကျောဖုံးမှ*

အင်ဒိုနီးရှားအသင်းနှင့် အိမ်ကွင်းကစားရခြင်းဖြစ်ပြီး ည ၇ နာရီတွင် စတင်ကစားမည်ဖြစ်ရာ ည ၉ နာရီဝန်းကျင်မှ ပွဲပြီးမည်ဖြစ်သောကြောင့် ပရိသတ်များ အပြန်အဆင်ပြေစေရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က စီစဉ်ပေးခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ပရိသတ်များအတွက် အုပ်စုငါးခုခွဲ၍ စီစဉ်ပေးထားပြီး အုပ်စု (၁) အဖြစ် သုဝဏ္ဏကွင်းမှ သာကေတ-ကျောက်တိုင်-ဆူးလေ၊ အုပ်စု (၂) အဖြစ် သုဝဏ္ဏကွင်းမှ စံပြဈေး-ဘောလီ- ပင်လုံ - ပြည်ထောင်စုလမ်း-၇/၈ လမ်းဆုံ-ဒဂုံတက္ကသိုလ်၊ အုပ်စု (၃) အဖြစ် သုဝဏ္ဏကွင်းမှ တောင်မြောက်လမ်းဆုံ - လှော်ကားလမ်း -၇၁ ဂိတ်ဆုံး၊ အုပ်စု (၄) အဖြစ် သုဝဏ္ဏကွင်းမှ ဝေဇယန္တလမ်းအတိုင်း - မြောက်ဥက္ကလာပခြောက်ကွေ့ - အဝေးပြေး၊ အုပ်စု (၅) အဖြစ် သုဝဏ္ဏကွင်းမှ အရှေ့မြင်းပြိုင်ကွင်းလမ်း- ရန်ကင်း၊ လှည်းတန်း-အင်းစိန်လမ်း-သမိုင်းလမ်းဆုံများသို့ ပို့ဆောင်ပေးမည်ဖြစ်ပြီး ပရိသတ်များအနေဖြင့် နီးစပ်ရာနေရာများသို့ လိုက်ပါနိုင်မည်ဖြစ်သည်။ အုပ်စုတစ်ခုလျှင် မော်တော်ယာဉ်ငါးစီးထွက်ခွာပေးမည်ဖြစ်ပြီး ည ၉ နာရီခွဲတွင် စတင်ထွက်ခွာမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ - သော်လေး**



ပုသိမ်မြို့ ကိုးထပ်ပြည်သူ့ဆေးရုံ၌ မီးဘေးလုံခြုံရေးအတွက် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုဦး၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်သူရ၊ ပုသိမ်မြို့နယ် မီးသတ်ဦးစီးမှူး ဦးတင်ထွဋ်တို့ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၇ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ ခရိုင် (ပြန်/ဆက်)



မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးအန္တရာယ်ကင်းဝေးစေရန် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းကို ဒီဇင်ဘာ ၆ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇေယျာအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးစဉ်။

မြန်မာ့အလင်း

* *ကျောဖုံးမှ*

ငါးမျိုးနှင့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၂၅၈၈၀၄၇)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၆၈၆၀၄၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၈၂၇၄၀၈၇) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ မုံရွာမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်းသုံးမျိုး၊ လူသုံးကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၄၅၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Kyaw Kyar Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၈၅၄၈၅၆)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၀၀၀၀၀) ကိုလည်းကောင်း၊ ပုသိမ်ကြီးမြို့နယ် ရွာရှည်ရွာ၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၄၇၇၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၆၉၇၆၇၈)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးနှင့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၁၆၇၅၀၃၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၃၉)၌ တောင်ကြီးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၆၀၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၆ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၅၉၉၉၁၂၁) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာသည့် ကုန်စည်များအနေဖြင့် အရည်အသွေးပြည့်မီမှု မရှိနိုင်ခြင်းနှင့်ပြည်သူများအတွက်ဘေးအန္တရာယ်ကျရောက်မှုများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

အုတ်တွင်းမြို့နယ်၊ ပဲခူးလမ်း ရပ်ကွက်မြောက်ပိုင်းနေ မနန်းမြတ်သူဇာဝေ(ဘ)ဦးသက်ဝေ ၇/အတန(နိုင်) ၁၂၆၆၂၄)၏ ပတ်စ်ပို့နံပါတ် (MI-836920)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၇၄၅၇၁၈

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/10422, Honda Click 125 ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)အမည်ပေါက်သူ နန်းစံခမ်း ၁၃/မပတ(နိုင်) ၀၃၄၈၃၉က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော် ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

က.ည.န၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)၊ ကျိုင်းတုံမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 29W/37618, HONDA WAVE NF-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထွေး ၇/ဝမန (နိုင်) ၀၄၃၂၉၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး (သထုံ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၉၁၆၈၈ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးချမ်းပိုပို ၁၀/မလမ(နိုင်)၂၄၉၈၇၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ၉၉-၃၊ ဦးပိုင်အမှတ် ၉၄(ခဲစင်း) ၁၀၇X ၁၀၈ ကြား၊ ၅၇X၅၈လမ်းကြား ဂရန်မြေကွက် အမည်ပေါက်သူ ဦးစံရွှေ ၉/မနတ(နိုင်)၀၈၁၀၂၀ ကအမှုတွဲ အမှတ် (၅၃၁၈/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ

## စာအုပ်စာပေ လှူ့မိတ်ဆွေ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မကွေးခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၉

ဦးဆန်းဦး နှင့် ၁။ ဒေါ်ချိုချိုဦး
၂။ ဦးလှအောင်
၃။ ဦးအောင်မောင်း

တရားလို တရားပြိုင်များ

မကွေးမြို့နယ်၊ ကျွန်းစုရွာနေ ဦးလှအောင်၊ မကွေးမြို့နယ်၊ သရက်ပင်ရပ်ကွက်နေ ဦးအောင်မောင်း (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ချုပ်ဆို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၃ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင်သင်တို့ မျက်ကွယ်တွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဌေးဌေးမော်)
ခရိုင်တရားသူကြီး
မကွေးခရိုင်တရားရုံး

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## တောင်ကြီးခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၀ နှင့်ဆက်နွှယ်သည့်
## ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၇၄

ဦးတင်ဆန်းအောင် နှင့် ၁။ ဦးခွန်ရာဇာ
၂။ ဒေါ်ယဉ်နွဲ့

(ဒီကရီအနိုင်ရသူ) (တရားရှုံးများ)

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ နယ်မြေ-၁၅၊ ဂုဏ်ထူးလမ်း၊ အမှတ် (ည/၂၇)နေ ဦးခွန်ရာဇာနှင့် ဒေါ်ယဉ်နွဲ့ (အတူနေမိသားစု) (ယခုနေရပ်လိပ်စာ မသိ) တို့သိစေရမည်။

၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၀တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍၊ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၃) ရက်၊ (၁၃၈၆ခုနှစ်၊ ပြာသိုလဆုတ် (၅)ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝေဝေလွင်)
ခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 69W/89721, Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပွင့်နဒီမေ ၁၃/ဖခန(နိုင်) ၀၈၇၃၀၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
လွိုင်ကော်

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် KYH/1322, Honda Dream-125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းကျော်စိုး ၂/လကန(နိုင်) ၀၆၂၈၉၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
လွိုင်ကော်

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 79W/29104, Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းကျော်စိုး(၂/လကန(နိုင်)၀၆၂၈၉၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
လွိုင်ကော်

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 9C/8777, Toyota Mark-II ယာဉ်အမည်ပေါက်သူ ဒေါ်နှင်းမူ ၁၃/တကန(နိုင်) ၀၀၃၃၄၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
တောင်ကြီး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ကျိုင်းတုံမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၅

ဦးဇော်မင်းလွင် နှင့် ဒေါ်ဇာခြည်ဦး
(တရားလို) (တရားပြိုင်)

အမှတ်(၁၂) ပညာရေးကျောင်း၊ ကျိုင်းတုံမြို့နေ ဒေါ်ဇာခြည်ဦး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဇော်မင်းလွင် က " လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ(၂၄) ရက်၊ ၁၃၈၆ခုနှစ်၊ နတ်တော်လဆုတ်(၉)ရက်၊ မွန်းမတည့်မီ နံနက်(၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါ နေ့ရက်တွင် သင်မလာ ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ယင်းငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုရန်လိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာရွက်စာတမ်းတို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ(၄)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်မျိုးဝင်း)
တွဲဖက်မြို့နယ်တရားသူကြီး
ကျိုင်းတုံမြို့နယ်တရားရုံး

## (၁-၁၂-၂၀၂၄)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါ အထက်တန်းရှေ့နေစဉ် (၄၈၃၉၅)၊ ဒေါ်စန္ဒာထွေး နှင့် လွှဲအပ်ညွှန်ကြားသူ ဒေါ်မူမူထွဋ် (၁၂/လမန(နိုင်)၁၁၃၀၇၉) တို့၏ အသိပေးကြေညာခြင်းအား ပြန်ကြားခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုကျေးရွာအုပ်စု၊ ရေသရောက်ကုန်း ကျေးရွာ၊ မန္တလေး-လားရှိုးလမ်း၊ ကွင်းအမှတ်-၆၈၃နှင့် ၇၅၈၊ ကွင်းအမည် (ထုံးဘို/မြောက်)၊ ဦးပိုင်အမှတ်(N-72)၊ မြေဧရိယာ (၀.၆၉)ကေနှင့်(N-76)၊ မြေဧရိယာ(၀.၃၆)ကေရှိ လယ်ယာမြေ(၂)ကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ်အပါအဝင် သီးပင်စားပင်များနှင့် ယင်းလယ်ယာမြေနှင့် ပတ်သက်သည့် လုပ်ကိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်ဖြစ်သော ဒေါ်ဖူးငုံဦးဇွန်း ၅/ရဘန(နိုင်) ၁၃၃၂၅၆)ထံမှ (၇-၁၀-၂၀၁၃)ရက်တွင် ကျွန်တော် ဦးစိုးကျော်နိုင် ၁၂/လမန(နိုင်)၁၆၄၇၅၉ မှ ကျေးရွာလယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီလူကြီးများ ရှေ့မှောက်တွင် တရားဝင်ဝယ်ယူ လက်ရောက်ရရှိပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၉)၊ မဂ္ဂင်လမ်း၊ ဦးပိုင်အမှတ် ၅၈၊ မြေကွက်အမှတ်၆၁၃ဟု ခေါ်တွင်သော (အလျား ၂၀၀xအနံ ၁၀၀ပေ)ရှိ မြေကွက်အား ဦးရမ်းဗဟာဒူး (MMO-275188)ထံမှ (၇-၂-၂၀၁၂)တွင် ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်သော ဒေါ်တင်တင်စိန် ၁၂/မရက(နိုင်)၀၅၆၉၀၀ထံမှတစ်ဆင့် ကျွန်တော် ဦးစိုးကျော်နိုင် ၁၂/လမန(နိုင်)၁၆၄၇၅၉က (၅-၇-၂၀၁၂)ရက်တွင် အထက်ပါ မြေကွက်တို့အား တရားဝင်ဝယ်ယူလက်ရောက်ရရှိ ပိုင်ဆိုင်ခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ လယ်ယာမြေများနှင့် ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်မျှ ကျွန်ုပ်၏ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ တစ်ဆင့်လွှဲပြောင်း ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းများ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ခဲ့ပါက လူကြီးမင်းတို့၏ မမှန်မကန်ရေးသား တောင်းဆိုမှုသည် ကျွန်တော်၏ဂုဏ်သိက္ခာကို ထိခိုက်စေသဖြင့် ဤကြေညာချက်ပါရက်မှစ၍ (၇)ရက်အတွင်း ပြန်လည်တောင်းပန် ရုပ်သိမ်းပေးရန်နှင့် ထိုသို့ပြုလုပ်ခြင်းမရှိပါက လူကြီးမင်းတို့၏ မမှန်မကန်ရေးသားဆောင်ရွက်မှုအပေါ် ဥပဒေအရအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ဦးစိုးကျော်နိုင်
၁၂/လမန(နိုင်)၁၆၄၇၅၉
Ph:09-5060691

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်၊ အကွက်အမှတ် (၁၇)၊ မုံရွာတောင်၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ (၀.၀၃၆) ကေရှိ ဒေါ်စန်းစန်းတင့် ဘိုးဘပိုင် အမည်ပေါက်ကို ဦးဝင်းစန်းအောင်၊ ဒေါ်သန်းသန်းညိုအမည်ဖြင့် (ဘိုးဘပိုင်အမည်ပြောင်း) လျှောက်ထားရာ အကျိုးအကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀) အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန် စည်းမျဉ်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ (ဘိုးဘပိုင်အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့နယ်မြေစာရင်းဦးစီးဌာန
မုံရွာမြို့

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ အေးသာယာရပ်ကွက်၊ အကွက် အမှတ်(၁၂)၊ အုန်းခြံ၊ ဦးပိုင်အမှတ် (၁၇-ခ)၊ ဧရိယာ(၀.၁၆၄) ကေရှိ ဦးတင့်လွင်ထွန်း၊ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်ခင်ဌေးပို အမည်ဖြင့် (ဘိုးဘပိုင်အမည်ပြောင်း) လျှောက်ထားရာ အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်း မျဉ်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ (ဘိုးဘပိုင်အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

မြို့နယ်မြေစာရင်းဦးစီးဌာန
မုံရွာမြို့

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့် နွယ်ခွေစံပြကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာ၊ ဗိုလ်တေဇလမ်း၊ ဦးပိုင်အမှတ်(၅၃/၃)၊ ကွင်းအမှတ်(၅၂၈/ခ)၊ မြေကွက်အမှတ် (၁၁၃)ဟုခေါ်တွင်သော မြေအကျယ်အဝန်း အလျား (ပေ ၈၀) xအနံ(ပေ ၂၀၀)ရှိ မြေကွက်အနက်မှ မခွဲမစိတ်ရသေးသော အစိတ်အပိုင်းဖြစ်သည့် မြေကွက်အမှတ် (၁၁၃/၄) ဟုခေါ်တွင်သော မြေအကျယ်အဝန်း အလျား(ပေ၈၀) xအနံ(ပေ၈၀)ရှိ မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး နှင့်ပတ်သက်၍ ဦးမင်းအောင်စိုး (၁၂/ဥကတ(နိုင်) ၁၄၃၉၂၄)၊ ဦးသန်းအောင်စိုး၊ ဒေါ်ပြည့်ပြည့်ငွေစိုးနှင့် အများသိစေရန် ကြေညာခြင်း

အထက်ရည်ညွှန်းလိပ်စာပါ မြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်နုနုဌေး (၁၂/ဥကတ(နိုင်)၀၆၆၂၃၀) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးမင်းအောင်စိုး (၁၂/ဥကတ(နိုင်)၁၄၃၉၂၄)၊ ဦးသန်းအောင်စိုး၊ ဒေါ်ပြည့်ပြည့်ငွေစိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်-

လူကြီးမင်း ဦးမင်းအောင်စိုး၊ ဦးသန်းအောင်စိုးနှင့် ဒေါ်ပြည့်ပြည့်ငွေစိုးတို့မှာ ကျွန်ုပ်၏မိတ်ဆွေ လူကြီးမင်း တို့၏မိခင် ဒေါ်နုနုဌေးနှင့် လူကြီးမင်းတို့၏ဖခင် ဦးငွေစိုးတို့မှ မွေးဖွားသော သားသမီးများ ဖြစ်ကြပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နုနုဌေး၏ခင်ပွန်း၊ လူကြီးမင်းတို့၏ဖခင်ဦးငွေစိုးမှာ(၂၇-၅-၂၀၂၀)ရက်တွင် ကွယ်လွန်သွားပြီး ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ မိတ်ဆွေသည် လူကြီးမင်းတို့၏ ဖခင် ဦးငွေစိုး၊ သက်ရှိထင်ရှားရှိစဉ်က ဒိုးတူပေါင်ဖက် စီးပွားရှာလုပ်ကိုင်ခဲ့ရာမှ အထက်ရည်ညွှန်းလိပ်စာပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းဖြစ်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ဖြစ်ထွန်းခဲ့ပြီး ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ လူကြီးမင်းတို့၏မိခင် ဒေါ်နုနုဌေးမှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း အရတရားဝင်ပိုင်ဆိုင်လာသူဖြစ်ပြီး အလုံးစုံ စီမံပိုင်ခွင့်ရှိသူလည်းဖြစ်ပါသည်။ ယင်းသို့ ပိုင်ဆိုင်လာရာမှ ကျွန်ုပ်၏ မိတ်ဆွေ လူကြီးမင်းတို့၏မိခင် ဒေါ်နုနုဌေးမှ ၎င်း၏ လွတ်လပ်သော သဘောဆန္ဒနှင့်အညီ ၎င်းနှင့် ခင်ပွန်းဖြစ်သူတို့ သက်ရှိထင်ရှား ရှိစဉ်က စီးပွားရှာလုပ်ကိုင်ခဲ့ရာမှ ဖြစ်ထွန်းလာသော အထက်ရည်ညွှန်းလိပ်စာပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်း၏စားဝတ်နေရေး၊ ဆေးကုသရန်နှင့် လူမှုရေးကိစ္စများ ဖြေရှင်းရန် ရောင်းချသည့် ကိစ္စရပ်နှင့် ပတ်သက်ပြီး လူကြီးမင်းတို့ (၃)ဦးမှ ဟန့်တားနှောင့်ယှက်ကန့်ကွက်နိုင်သည့် အခွင့်အရေးရှိသူများမဟုတ်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ လူကြီးမင်းတို့၏ မိခင်ဖြစ်သူ ဒေါ်နုနုဌေးမှာ ၎င်းပိုင်ပစ္စည်းအား ရောင်းချသည့်အပေါ် အရောင်းအဝယ်ပျက်ပြားစေလိုသော ဆန္ဒဖြင့် လူကြီးမင်းတို့(၃)ဦးမှ ကန့်ကွက်နှောင့်ယှက်တားဆီးလာပါက လူကြီးမင်းတို့၏ပြုမူမှုကြောင့် ဖြစ်ပေါ်လာသော ကိစ္စရပ်များအား လူကြီးမင်းတို့မှ အလုံးစုံတာဝန်ယူဖြေရှင်းဆောင်ရွက်ပေး ရန်နှင့် ကျွန်ုပ်မိတ်ဆွေမှ ကာလတန်ဖိုးနှင့်အညီ ရောင်းချခဲ့သဖြင့် ဝယ်ယူခဲ့သူ ဦးရဲမင်းထွန်း (၎င်း၏လွှဲအပ်ညွှန်ကြားချက်အရ ၂၁-၈-၂၀၂၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂၆ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ဝေမိုးသူ၏ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်အပေါ်) ဦးမင်းအောင်စိုးမှ တရားလွှတ်တော်ရှေ့နေ ဒေါ်အေးဖြိုးခိုင်၊ အထက်တန်းရှေ့နေ ဒေါ်အိသိမ့်သိမ့်ကျော်တို့အား လွှဲအပ်ညွှန်ကြား၍ အရောင်းအဝယ်အား ကန့်ကွက်လာခြင်းသည် ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ မူရင်းများအား ကိုင်ဆောင်၍ ကန့်ကွက်လာခြင်းမဟုတ်သည့်အပြင် လူကြီးမင်းတို့၏ ကန့်ကွက်ချက် သတင်းစာတွင်လည်း ဦးမင်းအောင်စိုး၏ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်အား လူကြီးမင်းတို့၏ မိခင်ဒေါ်နုနုဌေး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ဖြင့် လွဲမှားစွာထည့်သွင်းဖော်ပြ၍ ကန့်ကွက်လာသော အဆိုပါကန့်ကွက်ချက်အား ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးစေလိုပါသည်။

ထို့ပြင် ကန့်ကွက်သူလူကြီးမင်း ဦးမင်းအောင်စိုးမှာ အရောင်းအဝယ် ပြုလုပ်သော မြေကွက်နှင့်ပတ်သက်ပြီး ပိုင်ဆိုင်ကြောင်း မည်သည့်တရားရုံးတော်ကမျှ အမိန့်တစ်စုံတစ်ရာ ချမှတ်ထားခြင်းမရှိဘဲ မှတ်ပုံတင်ထားခြင်းမရှိသော စာချုပ်အားကိုင်ဆောင် ကန့် ကွက်မှုကြောင့် ဖြစ်ပေါ်လာသော နစ်နာဆုံးရှုံးမှုများအပေါ် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိခင်ပိုင်ဆိုင်သော ပစ္စည်းအပေါ်ပိုင်ဆိုင်၊ သက်ဆိုင်ခြင်းမရှိသော ဆက်ခံခွင့်မရှိသေးသည့် ကန့်ကွက်သူလူကြီးမင်း၏ ကန့်ကွက်ချက်များအပေါ် ကျွန်ုပ်မိတ်ဆွေမှ လိုက်နာရန်အကြောင်း တစ်စုံတစ်ရာမရှိပါကြောင်း လူကြီးမင်းတို့နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်နုနုဌေး၏ လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်နီလာဝင်း(LL.B) | ဒေါ်ဂျာရိန်အောင်ဘူ (LL.B) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၂၉၂၃) | (စဉ်-၅၅၅၆၀) |

အမှတ်-၁၀၁၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊
Ph-09-778434507, 09-794077590

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မိတ္ထီလာတက္ကသိုလ်
## နေ့သင်တန်းနှင့် အဝေးသင်သင်တန်း
## ( ၂၁ )ကြိမ်မြောက်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

